


# ပြီးသေဖြစ်အောင်လုပ်ကြစမ်းပါ

၇-၇-၆၂ (ည)

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သစ္စာလေးပါး တရားတော် အမှတ်စဉ်(၂)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

၁၈၃

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
# မိုးကုတ်ဆရာတော်ဘုရားကြီး
## ရန်ကုန်မြို့၌ ဟောကြားတော်မူသော တရားတော်
# ပြီးသေဖြစ်အောင်လုပ်ကြစမ်းပါ
## ဟောကြားသည့်နေ့ (၇၊၇၊ ၆၂)၊ ည

❀ ❀ ❀

အားလုံး ဒကာဒကာမတွေ တရားနာကြတယ်ဆိုတာ အင်မတန်ကောင်းတဲ့ စကားပါပဲ၊ တရားနာတယ်ဆိုကတည်းက တပည့်တော်တို့ ဒီအချိန်မှာ မတရားတာ မလုပ်ဘူးဆိုတဲ့ အချိန်ပိုကို တရားနာတယ်ဆိုတဲ့ စိတ်ကပဲ ဆုံးဖြတ်ချက်ချပြီးပါပြီ။

### တရားနာတယ်ဆိုတာ

တရားနာတယ် ဆိုတာသည်ကားလို့ဆိုရင် မတရားအလုပ်ကို မလုပ်ပါဘူးဆိုတဲ့ အချိန်ပဲလို့ ဆုံးဖြတ်ချက်ချပါ…။ (မှန်ပါ) တရားနာတယ်ဆိုတာ ဘာပါလိမ့်… (မတရားတဲ့အလုပ်ကို မလုပ်တော့ပါ) မတရားတဲ့ အလုပ်ကို မလုပ်တော့ဘူးလို့ ဖြစ်ပေါ်တဲ့အချိန်… (မှန်ပါ) သဘောကျပလား…။ (မှန်ပါ) မတရားတဲ့အလုပ်…(မလုပ်တော့ပါ)၊ မလုပ်တော့ဘူးလို့ ဖြစ်ပေါ်တဲ့အချိန်လို့ ဆုံးဖြတ်ချက်ချပါ။

အဲဒီတော့ ဒီဒကာဒကာမတွေမှာ ဒီအချိန်ကလေးမှာ ကိလေသာ ရပ်စဲနေတယ်လို့ ဆိုရမယ်၊ ဘာရပ်စဲနေကြသလဲ…။ (ကိလေသာ ရပ်စဲနေကြပါတယ်ဘုရား)။

ဘာဖြစ်လို့ ကိလေသာရပ်စဲသလဲလို့ မေးတဲ့အခါကျတော့ တရားကို ယောနိသော မနသိကာရက နှလုံးသွင်း မှန်နေတဲ့ အတွက် ကိလေသာ ရပ်စဲနေတယ်လို့ မှတ်ရမယ်…။ (မှန်ပါဘုရား)။

### ကိလေသာရပ်စဲနေတယ်

နှလုံးသွင်း မှန်နေတဲ့အတွက် ဘယ့်နှယ်ဆိုကြမလဲ…။ (ကိလေသာ ရပ်စဲနေပါတယ်) နှလုံးသွင်း မှန်နေတဲ့အတွက် ကိလေသာ ရပ်စဲနေတယ်ဆိုတာ သဘောကျဖို့ အရေးကြီးပါတယ်။

အဲဒီတော့ ဒီဒကာဒကာမတွေမှာ နှလုံးသွင်းမှန်ဖို့ရာ ဘုန်းကြီးများက ကြုံကြိုက်တဲ့အခါမှာ ခင်ဗျားတို့ တောင်းပန်လို့

တရားဓမ္မကို ဟောဆိုနေတာသည် ဘာပါလိမ့်မလဲလို့ မေးလို့ရှိရင် နှလုံးသွင်းမှန်ဖို့၊ ခင်ဗျားတို့ ခန္ဓာမှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ပြတ်ဖို့ ဒါကိုပဲ ဟောပြောနေတယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ... (တင့်ပါ ဘုရား)။

**ဝစ္ဆဂေါတ္တပုဏ္ဏားကြီး**

အဲဒီတော့ ဒကာဒကာမတွေမှတ်ဖို့ရာ ဝတ္ထုတစ်ခု ထုတ်ပြီးပြပါမယ်၊ တေဝိဇ္ဇ–ဝစ္ဆဂေါတ္တဆိုတဲ့သုတ် မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ ဝစ္ဆဂေါတ္တဆိုတဲ့ ပုဏ္ဏားကြီးက ဧကပုဏ္ဍရီကဆိုတဲ့ ကျောင်းမှာ သီတင်းသုံးပြီးသကာလ နေတယ်။ ဘုရားရှင်ကိုယ် တော်မြတ်ကြီးကလဲ ဆွမ်းခံကြွမလို့ စောပါသေးတယ်လေ၊ မဟာဝစ္ဆတို့ဆီပဲ ငါဝင်ပြီးသကာလ အလ္လာပ၊ သလ္လာပ ပြောစရာ ရှိတာ ပြောပါဦးမယ်လို့ ဒီထဲမှာပဲ ဝင်သွားတယ်။

**အိပ်နေလည်း သိပါသလားဘုရား**

အဲဒီလို ဝင်သွားတဲ့အချိန်မှာ အလ္လာပ၊ သလ္လာပ၊ အတုံ့ အပြန်ဆိုတဲ့ အောက်မေ့ဖွယ်၊ ဝမ်းမြောက်ဖွယ်စကားတွေ ပြောပြီး သည့်နောက် မေးလိမ့်မယ်နော် အရှင်ဘုရားတဲ့၊ အရှင်ဘုရား နာမည်ဟာ တယ်ကြီးတယ်၊ တပည့်တော်တို့ ကြားနေရတာက အရှင်ဘုရားဟာ ထိုင်နေလဲ၊ သူတစ်ပါးအကြောင်းတွေ အကုန်သိ တာပဲ၊ အိပ်နေလဲ သူတစ်ပါးအကြောင်းတွေ အကုန်သိတာပဲ၊ သွားနေလဲ သိတာပဲ၊ စားနေလဲ သိတာပဲ၊ သူတစ်ပါးအကြောင်း တွေကို သွားနေလဲ သိတာပဲ။ စားနေလဲ သိတာပဲ၊ သူတစ်ပါး

အကြောင်းတွေကို အကုန်သိတယ်ဆိုတဲ့ သတင်းဟာ သိပ်ပြီးတော့ မွှေးပါတယ်၊ သတင်းသိပ်မွှေးပါတယ်တဲ့။

မွှေးပင်မွှေးငြားသော်လဲ သူတစ်ပါးက ဒါမှန်ရာ ပြောတာလား၊ မတရားသဖြင့် စွပ်စွဲတာလားလို့ ပုဏ္ဏားကမေးတယ်၊ ဒကာဒကာမတို့ မှန်ရာကို ပြောတာလား၊ မတရားသဖြင့်ပဲ ဂုဏ်မြှောက်ပြီးသကာလ ပြောကြတာလားလို့ မေးတယ်...။ (မှန်ပါ့ဘုရား)။

မေးတဲ့အခါကျတော့ကွာတဲ့၊ ဒါမတရားသဖြင့် ပြောတာပါ၊ ငါ့မှာ အိပ်နေလဲ အကုန်သိတယ်၊ ထိုင်နေလဲ အကုန်သိတယ်၊ သွားနေလဲ သူတစ်ပါးဟာတွေ အကုန်သိတယ်ဆိုတော့ မတရားသဖြင့် ငါ့ကို စွပ်စွဲတာပါ။

**မတရားသဖြင့် စွပ်စွဲတာ**

ဒကာဒကာမတွေ...(မှန်ပါ့) ဘုရားအကုန်သိတယ်ဆိုတာ အိပ်နေလဲ အကုန်သိတယ်၊ စားနေလဲ အကုန်သိတယ်၊ ထိုင်နေလဲ အကုန်သိတယ်ဆိုတာ ဘုရားက ဘယ်လိုဖြေလိုက်ပါသလဲ...။ (မတရားသဖြင့် စွပ်စွဲတာပါ)၊ မတရားသဖြင့် စွပ်စွဲတာ၊ ငါ မသိပါဘူးကွ...။

**အာသိတ်ကမှသိတယ်**

ခင်ဗျားတို့က ဘုရားအကုန်သိတယ်၊ အကုန်သိတယ်လို့ ထင်ပြီး နေကြတယ်၊ အိပ်နေလဲ သိတယ်၊ စားနေလဲ သိတယ်၊ ထိုင်နေလဲ သိတယ် ဆိုတော့ ဒကာဒကာမတွေ သိပ့ါမလား...။

(မသိပါဘုရား) အိပ်နေတာ ဘဝင်စိတ်နဲ့ အိပ်တယ် ဘဝင်စိတ်ဆို တာ ဘာတုံး ဒကာဒကာမတို့ ဇောစိတ် ဟုတ်ကြရဲ့လား...။ (ဇောစိတ် မဟုတ်ပါဘူးဘုရား) ဘဝင်စိတ်ဟာ ဘဝင်စိတ်ပဲလို့ မှတ်ကြ၊ အိပ်နေတဲ့စိတ် ဘာစိတ်ခေါ်ကြမလဲ...(ဘဝင်စိတ်) ဇောစိတ်ကမှ သိတယ်...(မှန်ပါ့)။

အဲဒီတော့ကိုတဲ့၊ ဘဝင်စိတ်နဲ့ ငါအိပ်နေတဲ့အခါ ငါအကုန် သိတယ်၊ သွားနေလဲ အကုန်သိတယ်၊ စားနေလဲ အကုန် သိတယ်ဆိုတဲ့ ဥစ္စာဟာ ငါ့ကို မတရားသဖြင့် စွပ်စွဲကြတာ ပါကွာ...တဲ့၊ ဒီဥစ္စာမသိလို့ အိပ်နေလဲ အကုန်သိတယ်ဆိုတာ ဘာတဲ့တုံး၊ ဘုရားက...(မတရားသဖြင့် စွပ်စွဲတာပါဘုရား)။

မတရားသဖြင့် စွပ်စွဲတာ၊ မတရားသဖြင့် စွပ်စွဲတာပါကွာ တဲ့၊ တကယ်ငါမသိပါဘူးတဲ့၊ ရိပ်မိကြပလား...(မှန်ပါ့) တကယ် ငါမသိပါဘူးတဲ့ မတရားသဖြင့် စွပ်စွဲတာပါတဲ့ ...။

**ဉာဏ်သည် ဉာဏ်ဇောဇောမှ ကိန်းသည်**

သဗ္ဗညုတဉာဏ်သည် အိပ်နေတုန်းမှာ ကိန်းပါသလားလို့ မေးလို့ရှိရင်ဖြင့် ဉာဏ်ဟာ ဉာဏ်ဇောဇောမှ ကိန်းတယ်၊ အိပ် နေတုန်းဘာမှ မသိဘူးလို့ ဆုံးဖြတ်ချက်ချပါ၊ ရှင်းကြလား...။ (ရှင်းပါပြီဘုရား)။

ဆွမ်းဘုဉ်းပေးနေတယ် ကိုယ်တော်မြတ်ကြီး သူ့ဟာသူ ပစ္စဝေက္ခဏာ ဆင်ခြင်နေတာ သူများဟာတွေ သိပါ့မလား...။ (မသိပါဘုရား) အဲဒါကွာတဲ့၊ သွားလို့ရှိရင်လဲ ငါသည် ဝိပဿနာ

ကွတဲ့။ ငါ့အကြောင်းသာ ငါသိတာပေါ့။

ဒီလိုဆိုတော့ မတရားသဖြင့် စွပ်စွဲတယ်ဆိုတာ မပေါ်သေးဘူးလား...(ပေါ်ပါတယ်ဘုရား) မတရားသဖြင့် စွပ်စွဲတယ်ဆိုတာ ဒကာဒကာမတွေ သိကြလား...(သိပါပြီ) အိပ်နေရင် ဘုရားသိသလား...(မသိပါဘုရား) စားနေရင်ရော...(မသိပါဘုရား) သူတစ်ပါးစိတ်ကိုနော်၊ သူတစ်ပါးတို့၏ အားလုံးကုန်ဖြစ်စဉ်ကို မသိပါဘူး။

**သိတယ်ဆိုတာ ဆင်ခြင်မှသိတယ်**

အဲဒီလို မသိတာတွေ ဒကာဒကာမတွေက မှတ်ထားလိုက်တော့မှ ဩော် ဘုရားသခင်ကိုယ်တော်မြတ်ကြီးပင်လျှင် သိတယ်ဆိုတာ ဆင်ခြင်မှ သိတာကိုး'လို့ မှတ်ပါ...(မှန်လှပါ) ဦးသူတော်ကြီး ဘယ်လိုမှတ်သလဲ...(ဆင်ခြင်မှ သိတာပါဘုရား) ဆင်ခြင်မှ သိတယ်ဆိုတာ သေသေချာချာ ဆုံးဖြတ်ချက်ချပါ...(မှန်ပါ့) မဆင်ခြင်ရင် ဘာမှမသိဘူး...(မသိပါဘုရား) မသိဘူးတဲ့၊ ဆင်ခြင်တယ်ဆိုတာ ပစ္စဝေက္ခဏာဇောလို့ မှတ်ကြစမ်းပါ...(မှန်ပါ့)။

ဆင်ခြင်တယ်ဆိုတာ...(ပစ္စဝေက္ခဏာဇောပါ) ပစ္စဝေက္ခဏာဇောကျမှသိတယ်၊ ဒါလဲ တစ်ဦးတစ်ယောက်ကို စူးစူးစိုက်စိုက် ဆင်ခြင်မှ သိတာ၊ အားလုံးသိတာ မဟုတ်ဘူးလို့ ဆုံးဖြတ်ချက်ချပါ...(တင်ပါ့ဘုရား)။

ကိုင်း...ဒါဖြင့် အရှင်ဘုရားနာမည် တပည့်တော်တို့ ဘယ်လိုပေးရမှာတုံးတဲ့၊ သိတဲ့ကိုယ်တော်ကြီး၊ မသိတဲ့ကိုယ်

တော်ကြီး ဒီလို နာမည်ပေးရမှာလား၊ ပုဏ္ဏားက ကတ်ကတ်သတ်သတ်မေးတယ်…(မှန်ပါ့)။

တေဝိဇ္ဇပုဂ္ဂိုလ်ဆိုရင် မှန်တယ်

မမေးသင့်ဘူးလား သူမေးတာ…(တင်ပါ့) ပုဏ္ဏားက ကတ်ကတ်သတ်သတ် မေးပြီးနေတော့ ငါ့နာမည်ဟာကွာတဲ့၊ တေဝိဇ္ဇပုဂ္ဂိုလ်ကြီးလို့ ဆိုလို့ရှိရင် အဲဒါမှန်တယ်ကွ။

တေဝိဇ္ဇပုဂ္ဂိုလ်ကြီးဆိုရင် မှန်တယ်ကွတဲ့၊ အိပ်နေလဲသိတယ်၊ စားနေလဲ သိတယ်၊ ထိုင်နေလဲ သိတယ်၊ သွားနေလဲ သိတယ်၊ ဆိုတာတော့ ငါဘုရားကို မတရားသဖြင့် စွပ်စွဲတာကွ၊ ဒါတော့ မသိဘူးတဲ့၊ ရှင်းကြပလား…(ရှင်းသွားပါပြီဘုရား)။

ဘုရားအကုန်သိတာပဲဆိုတာ ခင်ဗျားတို့က နှုတ်တက်ပြောနေတာ ဘယ်သိလိမ့်မတုံး၊ ခင်ဗျားတို့ရော အိပ်နေတော့ ဘာများသိသတုံး…(မသိပါဘုရား) ဘဝင်စိတ်နဲ့ အိပ်တာကိုးဗျ …(မှန်ပါ့) ဘုရားသခင်လဲ ကျိန်းတော့ ဘယ်စိတ်နဲ့ ကျိန်းတာတုံး…(ဘဝင်စိတ်နဲ့ ကျိန်းပါတယ်ဘုရား) ဘယ်သိလိမ့်မတုံး …ဦးမာဒင်ရ…(မှန်လှပါဘုရား)။

ဒါဖြင့် အရှင်ဘုရားနာမည် တပည့်တော်တို့က ဘယ်လိုများ ပေးရမှာတုံး၊ ဘယ်လိုများ ကြည်ညိုရမှာတုံး၊ ဘယ်လိုများဆည်းကပ်ရမှာတုံး မေးတဲ့အခါကျတော့ 'ငါ့ကို တေဝိဇ္ဇပုဂ္ဂိုလ်ကြီးလို့ဆိုလို့ရှိရင် မှန်တယ်ကွ' ရှင်းပလား…(ရှင်းပါပြီ) ဘာပုဂ္ဂိုလ်မှ မှန်တယ်…(တေဝိဇ္ဇပုဂ္ဂိုလ်မှ မှန်ပါတယ်)၊ တေဝိဇ္ဇပုဂ္ဂိုလ်ကြီးလို့ဆိုလို့ရှိရင် မှန်တယ်ကွ ဒကာဒကာမတွေ ရိပ်မိပြီ။

၁။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်

တောဝိဇ္ဇပုဂ္ဂိုလ်ကြီးဆိုတာက ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်နဲ့ ငါအောက်မေ့လိုက်လို့ရှိရင်ဖြင့် ဒီအဘိညာဉ်ကိုဝင်စားပြီး ကြည့်လိုက်လို့ရှိရင် ရှေးတုန်းက ရှေးဘဝတွေက ဘာဖြစ်ခဲ့တယ်၊ ဘာဖြစ်ခဲ့တယ်ဆိုတာ အဲဒီလို အဘိညာဉ် ဝင်စားကြည့်လိုက်တဲ့ အခါ သိပါတယ်၊ လူတစ်ယောက်ကို အစ၊ အဆုံး သိတယ်၊ ရှေးအတိတ်တွေကို အကုန်ပြန်တွေးရင် သိတယ်...(တင်ပါ့ဘုရား) အတိတ်တွေကို ပြန်တွေးရင်ရော...(သိပါတယ်ဘုရား)။

ဒါ...ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်ဆိုတဲ့ ဥစ္စာကို သမထ အလုပ် လုပ်ပါဦးမှသိမယ်ကွ၊ မလုပ်ရင် မသိပါဘူး၊ မသိဘူး ဆိုတော့ ဩော်...သူ့ကိစ္စနဲ့သူ သိတာကိုးလို့ ဒကာဒကာမတွေက ဆုံးဖြတ်ချက်ချပါ...(တင်ပါ့) ဦးသံဒိုင် ရိပ်မိပလား...(မှန်ပါ့)။

၂။ ဒိဗ္ဗစက္ခုအဘိညာဉ်

နောက်ကွာတဲ့။ ဒိဗ္ဗစက္ခု အဘိညာဉ်နဲ့ဒီလူဟာ ဘယ်တော့ သေလိမ့်မယ်၊ ဘယ်တော့ နာလိမ့်မယ်၊ ဘယ်တော့အခါကျ တရားရလိမ့်မယ်၊ ဘယ်တော့အခါကျ ပျက်စီးလိမ့်မယ်ဆိုတာ ဒိဗ္ဗစက္ခု အဘိညာဉ်ဝင်၊ ဝင်စားပြီး ကြည်လိုက်ပြန်လဲ သိပြန် တာပဲကွ။

ဒါဖြင့် ဒကာဒကာမတို့ ဆင်ခြင်မှသိတာ...(မှန်ပါ့) မဆင်ခြင်ရင်...(မသိပါ) မဆင်ခြင်ရင် မသိဘူးဆိုတာ ဒကာ ဒကာမတွေ ဆုံးဖြတ်ချက်ချ...(မှန်ပါ့) အလုံးစုံသိတဲ့ ကိုယ်တော် မြတ်ကြီးဆိုပြီး ခင်ဗျားတို့က ရမ်းကြည်ညိုမနေနဲ့ ဆင်ခြင်မှ

သိတယ်...(တင်ပ့ါဘုရား)

**၃။ အာသဝက္ခယဉာဏ်**

ပြီးတော့ ငါသိတရား တစ်မျိုးရှိသေးတယ်ကွာ...တဲ့၊ အခုနှစ်ခု ပြီးသွားပြီတဲ့၊ သုံးခုရှိတယ်၊ သုံးခုတော့ ငါသိတယ်၊ အာသဝေါတရားကုန်တဲ့ ဒီပုဂ္ဂိုလ်ကို အာသဝေါတရားကုန်အောင် ငါဘယ်လိုလုပ် ဟောရမယ်ဆိုတဲ့ ငါ့ကိုယ်ငါ အာသဝေါတရား ကုန်ဖို့ သိတဲ့ဉာဏ်လဲ ငါ့မှာရှိတယ်၊ သူတစ်ပါး အာသဝေါတရား ကုန်ဖို့ ဟောနိုင်တဲ့ ဉာဏ်လဲ ငါ့မှာရှိတယ်၊ သူတစ်ပါး အာသ ဝေါတရားကုန်ဖို့ ဟောနိုင်တဲ့ ဉာဏ်လဲ ငါ့မှာရှိတယ်၊ အာသ ဝက္ခယဉာဏ်လဲ ငါ့မှာ ရှိတယ်ပေ့ါလေ။

ဒါဖြင့် ဘုရားမှာ ဉာဏ်ဘယ်နှဉာဏ်ရှိသတုံး...(သုံးဉာဏ် ရှိပါတယ်) ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် ဒီဟာတွေတော့ ရှိပါတယ်ကွာဆိုပြီး သကာလ ဘုရားက အဖြေပေးလိုက်တယ် သဘောကျရဲ့လား... (ကျပါတယ်ဘုရား)။

**ဒီသုံးဉာဏ်ရှိသို့ တေဝိဇ္ဇပုဂ္ဂိုလ်**

ပုဗ္ဗေနိဝါသာ နုဿတိဉာဏ် ဘုရားမှာရှိတယ်...(တင်ပ့ါ) ဒါလဲ ဆင်ခြင်မှနော်...(မှန်ပ့ါ)။

ဒိဗ္ဗစက္ခုဉာဏ်ရော...(ရှိပါတယ်ဘုရား) ဒါလဲ ဒိဒိဗ္ဗ စက္ခုဉာဏ် အမြဲရှိနေသလား...(မရှိပါဘုရား) မရှိပါဘူး... သမထအလုပ်လုပ်မှ...(မှန်ပ့ါ) ထပ်လုပ်ပြီး ကြည့်ရမယ်၊

သဘောပါကြလား...(မှန်ပါ့) အာသဝက္ခယဉာဏ် ဆိုတာလဲ ပုဂ္ဂိုလ်ကို ရင့်တာ နုတာ ချိန်ပြီးတော့မှ ဟောနိုင်တဲ့ ဉာဏ်ရှိပါတယ်၊ နုနေလို့ရှိရင် ဟောကိုလဲ မဟောပါဘူး...(တင်ပါ့) ဒကာဒကာမတို့ ဟောပါ့မလား...(မဟောပါဘုရား)။

ဒါဖြင့် ဘုရားကိုယ်တော်မြတ်ကြီးမှာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်လို့ ဒီဉာဏ်သုံးခု တော့ရှိတယ်၊ အိပ်နေလဲ သိတယ်၊ စားနေလဲ သိတယ်၊ သွားနေလဲ သိတယ်ဆိုတာကတော့ ငါ့ကို ကဲ့ရဲ့ကြတာကွ၊ ဒါ ခင်ဗျားတို့လဲ ကဲ့ရဲ့တဲ့အထဲ မပါကြစေနဲ့။

အကုန်သိတာလား၊ ဒီဉာဏ်တွေနဲ့ ဝင်စားမှ သိတာလား... (ဒီဉာဏ်တွေနဲ့ ဝင်စားမှ သိတာပါ) ဒီဉာဏ်တွေနဲ့ ဝင်စားမှ သိတယ်ဆိုတာ ဒကာဒကာမတွေက ဆုံးဖြတ်ချက်ချပါ)၊

ဒါတွေက ဗဟုသုတအတွက် ပြောတာပါ၊ လိုရင်းပြောချင်တာက ဒါ မဟုတ်သေးပါဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ ...(မှန်ပါ့) လိုရင်းက အလုပ်တရားကို ပြောချင်တာ၊ အလုပ်တရားက ဒီအထဲမှာ ပါနေတယ်...(မှန်ပါ့)။

**လူသံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပ့ါမလား**

ဒါနဲ့ ဝစ္ဆဂေါတ္တပုဏ္ဏားက ဆက်မေးပြန်တယ်၊ အရှင်ဘုရားတဲ့၊ တပည့်တော် အရှင်ဘုရားဉာဏ်နဲ့ပဲ ချိန်ပြီးတော့ တပည့်တော်များ ဖြေကြားပေးပါ။ "လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန်ရောက်ပါ့မလား"...တဲ့။ ဒါမှအချက်...(မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါတယ်) ဒါကို

သေသေချာချာ မှတ်ရမယ်...(မှန်ပါ့)

လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ အာသဝေါတရားကုန်ရာ နိဗ္ဗာန်ရပါ့မလားလို့ မေးလိုက်တယ်...(မှန်ပါ့) မှတ်မိကြပလား. ..(မှတ်မိပါပြီ) ဘာတဲ့တုံး...(လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပါ့မလားတဲ့) အာသဝေါတရားကုန်တဲ့ နိဗ္ဗာန် ရပါ့မလား လို့ ပုဏ္ဏားက မေးလိုက်တယ်၊ မှတ်မိကြပြီလား...(မှန်ပါ့)။

ဒီဟာ အလုပ်နဲ့ဒါမှ ကိုက်တယ်၊ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ အာသဝေါတရားကုန်ရာ နိဗ္ဗာန်ရောက်ပါ့မလားလို့ မေးလိုက်တယ် ဦးမြရဲ့...(မှန်ပါ့) မေးချက်မကောင်းဘူးလား... (ကောင်းပါတယ်ဘုရား) မေးချက် အင်မတန် ကောင်းတယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ။

သခင်ဝတင် ဒါတွေက အချက် ခုနဟာကတော့ ဘုရားကို မှန်ကြောင်း မှားကြောင်းသိအောင် ဘုန်းကြီးက ဟောနေတာပါ။

**နိဗ္ဗာန်ဘယ်တော့မှ မရောက်ဘူး**

အဲဒီတော့ ဘုရားက အဖြေပေးလိုက်တယ်၊ မှတ်လိုက်စမ်းပါ "လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ အာသဝေါတရား ကုန်ရာ ဒုက္ခ၏ဆုံးရာ နိဗ္ဗာန် ဘယ်တော့မှ မရောက်ဘူးကွ" ဖြေပြီ...(မှန်ပါ့ဘုရား)။

ဖြေပုံ သဘောကျကြရဲ့လား...(ကျပါတယ်ဘုရား) လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ ...(နိဗ္ဗာန်ဘယ်တော့မှ မရောက်ဘူး) အာသဝေါတရားကုန်ရာ ဒုက္ခ၏ ချုပ်ငြိမ်းနိဗ္ဗာန်ကို ဘယ်တော့မှ မရောက်ဘူးတဲ့...(တင်ပါ့ဘုရား) သဘောပါလား...(ပါပါတယ်

ဘုရား) လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ ဘယ်နှယ့်တုံး... (နိဗ္ဗာန်ဘယ်တော့မှ မရောက်ပါဘုရား)။

ဒါဖြင့် ဒီအထဲမှာ ရောက်မည့်သူ ပါပါ့မလား... ဆိုတဲ့... ဘုန်းကြီးကလဲ ထူးထူးခြားခြား ဟောနေတယ်၊ ဒီထဲမှာ ဒကာ ဒကာမတွေကလဲ လူ့သံယောဇဉ်တွေနဲ့ ရောက်မည့်သူ တစ်ယောက်မှ မပါဘူးဆိုတဲ့ အစီပွာယ်တွေ ယူချင်ယူပစ်လိုက် မယ်...(မှန်ပ့ါ) မယူပေဘူးလား...(ယူရမှာပဲဘုရား)။

ဟုတ်တယ်တဲ့၊ သံယောဇဉ် မစွန့်ဘဲနဲ့ မရတာကတော့ဖြင့် အမှန်ပဲတဲ့...(မှန်ပါ့) ဒကာဒကာမတို့ ...(မှန်ပါ့) လူဟာ လူ့ သံယောဉ် မစွန့်ဘဲနဲ့ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ရနိုင်ပါ သလား...(မရနိုင်ပါ) မရနိုင်ဘူးဆိုရင်ဖြင့် အခု တရားနာ ပရိသတ် မနည်းလှပါဘူး...(မှန်ပါ့) တစ်ယောက်မှ ရမည့်သူ မပါပါဘူးဆိုတာ သေချာပလား...(သေချာပါတယ်) သေချာ တယ်တဲ့၊ အဲဒီတော့ ဘုန်းကြီးက ရှင်းပြပါ့မယ်၊ ခင်ဗျားတို့ ဘုန်းကြီးပြောတဲ့ စိတ္တာနုပဿနာကြိုက်ရင် စိတ္တာနုပဿနာ လုပ်...(တင်ပ့ါ)။

စိတ္တာနုပဿနာကြိုက်တော့ စိတ်ကို ရှုနေတယ်ဆိုလို့ ရှိရင်ဖြင့် စိတ်က အနိစ္စ၊ စိတ်က ဖြစ်ပြီး ပျက်တော့ အနိစ္စ ပေါ့ဗျာ...(မှန်ပါ့) ရှုနေတဲ့ ဉာဏ်ကလေးက မဂ္ဂဖြစ်လာတော့ ဒီအချိန်မှာ သံယောဇဉ်ပြတ်တယ်။ (မှန်ပါ့)၊ ဒီအချိန်မှာ... (သံယောဇဉ်အပြတ်) အဲဒီပြတ်တဲ့ အချိန်ကျတော့ရတယ်၊ သဘော ကျရဲ့လား...(ကျပါတယ်ဘုရား)။

**အားရှိစရာပါ ပါသေးတယ်**

ဒါဖြင့် လုံးလုံး မရဘူးလားလို့ ဆိုမလားဆိုတော့၊ အို... သံယောဇဉ်ပြတ်တဲ့ အချိန်ကျတော့ ရတယ်...(မှန်ပါ့)၊ ဒါကြောင့် ဦးသံဒိုင် အားရှိစရာပါ ပါသေးတယ်... (မှန်ပါ့ဘုရား) အားရှိစရာပါ ပါသေးတယ်၊ ဒကာဒကာမတွေ ဘာမှ မလျှော့နဲ့ အလုပ်သဘောနဲ့ ပြောလို့ရှိရင် အင်မတန် ရှင်းပါလိမ့်မယ်... (မှန်ပါ့) အလုပ်သဘောနဲ့ပြောတော့ ခင်ဗျားတို့ မြင်ရ မမြင်ရတော့ မပြောတတ်ဘူး၊ ဒီထဲမှာ သဋ္ဌာယတနဆိုတာ ခြောက်ခု...(မှန်ပါ့) စိတ်မပါဘူးလား...(မှန်ပါ့၊ ပါ,ပါတယ်ဘုရား)။

**ဖြစ်ပျက်ရှုနေရင် သံယောဇဉ်မလာပါ**

အဲဒီစိတ်ကို ဒီကနေပြီးသကာလ စိတ်ဖြစ်တိုင်း ပျက်တိုင်း ဒီကနေ ဉာဏ်ကလေး ဆက်ပေး၊ ဩော်...ဖြစ်ပြီး ပျက်နေပြီ ဖြစ်ပြီး ပျက်နေပြီဆိုတော့ ဒီသံယောဇဉ် လာသေးရဲ့လား... (မလာပါဘုရား) တဏှာ၊ ဥပါဒါန်၊ ကံတွေ ဘယ့်နှယ်နေသလဲ ...(မလာပါ)၊ ဒီအချိန်မှာ ရမယ်...(မှန်ပါ့) ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သံယောဇဉ်ဆိုတာ အမြဲတမ်း နေတဲ့ တရားလား၊ ဟုတ်လား အကြောင်းတိုက်ဆိုင်မှ ပေါ်တဲ့ တရားလား ဆိုတာလဲ မေးပါဦး...(မှန်ပါ့၊ တိုက်ဆိုင်မှ ပေါ်ပါ တယ်) တိုက်ဆိုင်မှ ပေါ်တယ်၊ အဲဒီတော့ ကျုပ်တို့က မတိုက် ဆိုင်အောင် လုပ်တော့မယ်...(မှန်ပါ့) ဒီခန္ဓာထဲမှာရှိတဲ့ စိတ်ကိုပဲ စိတ်ကြိုက် စိတ်၊ ဖဿကြိုက် ဖဿ၊ ဝေဒနာကြိုက် ဝေဒနာ

ဒါကျုပ်တို့ရှုမယ်၊ ဟောဒီက နေပြီးတော့ မရှုနိုင်ဘူးလား... (ရှုနိုင်ပါတယ်ဘုရား)။

**အလုပ်လုပ်ရင် နိဗ္ဗာန်ရပါတယ်**

ရှုနိုင်တဲ့အခါ ဒီဘက်က သံယောဇဉ် ဘယ့်နှယ်နေမတုံး တဏှာ ဥပါဒါန် ဒီအချိန် အလုပ်သာ လုပ်ရမယ်...(မှန်လှပါ) သဘောပါလား...(မှန်ပါ့) ထောက်ပြတော့ ဒကာဒကာမတွေ မရှင်းသေးဘူးလား...(ရှင်းပါတယ်) ဒါဖြင့် လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပ့ါမလားဆိုတော့ အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ် မရဘူးကွ...(မှန်ပါ့) ဒီအဖြေထွက်လာတယ်...(မှန်ပါ့) အလုပ် လုပ်တဲ့ပုဂ္ဂိုလ်ဖြစ်ရင်...(ရပါတယ်ဘုရား)။

**အလုပ်လုပ်မှ သံယောဇဉ်ပြတ်မယ်**

ရနိုင်တယ်ဆိုတော့ ဒကာဒကာမတွေ တရားနာတာက သိဖို့ နာတာပါ၊ အလုပ်လုပ်မှ ခင်ဗျားတို့ သံယောဇဉ် ပြတ်မယ်...(မှန်ပါ့) အလုပ်လုပ်တော့ကို သံယောဇဉ် ရှိနေရင်လဲ မင်္ဂမလာဘူး၊ မင်္ဂလာနေရင်လဲ သံယောဇဉ် မရှိဘူး၊ သဘော ပါကြလား...(ပါ,ပါတယ်ဘုရား) ဒီနေရာမှာ စိတ်ကလေးကို ဒီကနေ ဖြစ်ပျက်ရှုလိုက်တော့ ဒီဘက်သံယောဇဉ် ပြတ်၊ မပြတ် ခင်ဗျားတို့ပဲ အကဲခတ်ပါ...(ပြတ်ပါတယ်ဘုရား)။

**ဘယ်မှာ မရဘဲ ရှိရမှာလဲ**

ဒီနေရာကနေပြီ မဂ်လာမှာကိုး...(မှန်လှပါ) မလာပေဘူးလား...(လာပါတယ်ဘုရား)၊ မဂ်လာတော့ ဒီအဆက်ကလေးဘယ့်နှယ်နေမလဲ...(ပြတ်ပါတယ်ဘုရား) ပြတ်သွားတော့ ဒါသံယောဇဉ် ကင်း, မကင်း...(ကင်းပါတယ်) ထိုကဲ့သို့ ကင်းလို့ရှိရင်ဖြင့် ဘယ်မှာ မရဘဲ ရှိရမလဲ...(မှန်ပါ့)။

ဒါဖြင့် ဒီနေရာ မဂ်သွင်းနိုင်တဲ့ ပုဂ္ဂိုလ် သခင်ဝတင်...(ရမယ်) ဒီနေရာမှာ မဂ် မသွင်းနိုင်တဲ့ ပုဂ္ဂိုလ်ဆိုရင်...(မရပါ) မောင်ထွန်းရင် ရပါ့မလား...(မရပါဘုရား) ဦးမြကြီး ရပါ့မလား...(မရပါဘုရား) ရှင်းရဲ့လား ဦးညွန့်တို့ ရှင်းပလား...(ရှင်းပါပြီဘုရား) သံယောဇဉ် ပြတ်၊ မပြတ်ဆိုတဲ့ ဥစ္စာကခင်ဗျားတို့ အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်မှာ အနုသယသဘောနဲ့ အမြဲကိန်းနေတယ်၊ သဘောကျသလား...(မှန်ပါဘုရား) အလုပ်လုပ်တဲ့ပုဂ္ဂိုလ်ကျတော့ သံယောဇဉ် အနုသယသဘောနဲ့ ကိန်းတဲ့ဥစ္စာသည်အာရုံကြောင့် ပေါ်နိုင်သေးရဲ့လား မေးရင် ဘယ့်နှယ်ဖြေကြမလဲ...(မပေါ်နိုင်တော့ပါဘုရား) မဂ်ဝင်ရင် ပေါ်နိုင်သေးရဲ့လား...(မပေါ်နိုင်ပါ) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ကောင်းပြီ–ဒါဖြင့် လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန် ရပါ့မလားလို့ ဒကာဒကာမတွေ မေးပြီရပါ့မလား...(မရပါဘုရား) အလုပ်လုပ်လိုက်ပြန်လို့ ရှိရင်တော့...(ရနိုင်ပါတယ်) ဒါဖြင့် နှစ်နည်းရှိနေတာပဲ၊ ဒကာဒကာမတွေဘာရှိနေသလဲ...(နှစ်နည်းရှိပါတယ်) အဲဒါ ခင်ဗျားတို့ ဒီဝဋ္ဋဂေါတ္တ ပုထုဇ္ဇန်ကို အတော်ကျေးဇူးတင်ဖို့ ကောင်းတယ်၊ မေးချက်

သိပ်ကောင်းတယ်၊ မေးချက်က လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန် ရောက်ပါ့မလားလို့ သူက မေးလိုက်တယ် ...(မှန်ပါ့)။

ဘုရားက ဘယ့်နှယ်ဖြေတုံးဗျ...(မရောက်ပါ) မရောက်ဘူးကွ၊ ဘာရောက်မတုံး စိတ္တပစ္စယာ တဏှာ၊ ဖဿပစ္စယာ ...(တဏှာ)၊ ဝေဒနာပစ္စယာ...(တဏှာပါဘုရား) ဒီမှာအလုပ်က မလုပ်ဘဲကိုး၊ ဒီနေရာ အလုပ်လုပ်ရမယ့်နေရာ အလုပ်မလုပ်ဘူး၊ သဘောပါလား...(ပါ,ပါတယ်ဘုရား) အလုပ်လုပ်ရမယ် နေရာကို ...(အလုပ်မလုပ်ပါဘုရား) အလုပ်လုပ်လိုက်လို့ရှိရင် စိတ္တပစ္စယာ တဏှာ လာသေးသလား၊ စိတ္တပစ္စယာ မဂ္ဂေါလို့ဆိုသလား... (စိတ္တပစ္စယာ မဂ္ဂေါဆိုပါတယ်ဘုရား)။

မဂ်ကလာမယ် ဒါဖြင့် ရရမယ်...(မှန်ပါ့)၊ မရပါနဲ့ ဆိုလို့...(မရပါဘုရား) ဒီလိုဆိုလို့ရှိရင် ခုတင်က ဝစ္ဆဂေါတ္တပုဏ္ဏား မေးလိုက်တာ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပါသလား ဆိုတာ ဒီလိုလည်နေရင် မရဘူးပြောတာ၊ ဒီလို ပြတ်သွားလို့ရှိရင် ...(ရပါ့မယ်)ဆိုတော့ ဒါက သက်သေခံ မလုံလောက်သေးဘူး လား...(လုံလောက်ပါတယ်ဘုရား)။

### ပါရမီစခန်းကို ရုပ်သိမ်းလိုက်တော့

အဲဒါ ဒကာဒကာမတွေက သြော်...(ငါ့မှာ ပါရမီ မရှိဘူးဆိုတာ ပါရမီစခန်းကို ရုပ်သိမ်းလိုက်တော့...(မှန်ပါ့) အလုပ်လုပ်ရင် ပြတ်တာပဲ...(မှန်ပါ့) အလုပ်လုပ်ရင်...(ပြတ်ပါတယ် ဘုရား) ဘုရားပစ္စေကဗုဒ္ဓါ လက်ဝဲရံ၊ လက်ယာရံ အသီတိ

ရှစ်ကျိပ်သာ ပါရမီလိုတယ်၊ ခင်ဗျားတို့က ဒါပြတ်ရင် ရတယ် ...(မှန်ပါ့) သာဝကတွေက ဒါဖြတ်ရင် ရတယ်... (မှန်လှပါ) ရှင်းပလား...(ရှင်းပါပြီ) ပေါ်ကြပလား...(ပေါ်ပါပြီ) လုပ်စမ်းပါလို့ ဒကာဒကာမတို့ကို တွန်းပေးနေတယ်...(မှန်ပါ့) မတွန်းသင့်ဘူးလား...(တွန်းသင့်ပါတယ်ဘုရား)။

ခင်ဗျားတို့က တွန်းတယ်ဆိုရင် ရှေ့သွားမလား၊ နောက်ပြန်ဆုတ်မလား၊ မေးရမယ် ဒီဥစ္စာ...(မှန်ပါဘုရား) မေးလို့ရှိရင် ဒီဒကာရင်း၊ ဆရာရင်းတွေဟာ ပျော့တော့တော့ ဖြစ်နေမှာပေါ့ ...(မှန်ပါ့) မဟုတ်ပါဘူးဆိုရင် ဒီဆက်...(တင်ပ့ါ) သဘောကျပလား...(ကျပါပြီ) ဝေဒနာပစ္စယာ...(တဏှာ) တဏှာပစ္စယာ...(ဥပါဒါန်) ဥပါဒါန ပစ္စယာ...(ကမ္မဘဝေါ) ဟောဒီဆက်ပြီ၊ ကမ္မဘဝပစ္စယာ...(ဇာတိ) ဇာတိပစ္စယာ... (ဇရာမရဏပါဘုရား)။

ဒါဟာ ခင်ဗျားတို့ ဘုန်းကြီးတွန်းလို့မှ မလိမ့်လို့ရှိရင် အဝိုင်းကြီး ရစ်ကြပေတော့...(တင်ပ့ါ) ဒကာဒကာမတို့ ဘုန်းကြီး ဒီနေရာ ဖြတ်ဆိုတဲ့နေရာ ခင်ဗျားတို့ မဖြတ်ဘူး၊ ဒီနေရာကနေ သံယောဇဉ်စွန့်ရမှာကိုး၊ ပေါ်ကြပလား...(ပေါ်ပါပြီ) ဒီနေရာ သံယောဇဉ် စွန့်ရမယ် (မှနပ့ါ)။

## ငါတို့သည် တရားရထိုက်တဲ့ပုဂ္ဂိုလ်

အဲဒါကြောင့် ဒကာဒကာမတွေက ငါတို့ရထိုက်တဲ့ ပုဂ္ဂိုလ်

ဖြစ်ရတဲ့နေရာ...(မှန်ပ့ါ) ခင်ဗျားတို့ သံသယရှိဖို့ မလိုဘူး၊ သဘောကျပလား...(ကျပါတယ်ဘုရား) အဲဒီတော့ ဝေဒနာနဲ့ တဏှာ မကူးဖို့၊ ဖဿနဲ့တဏှာ မကူးဖို့ စိတ်နဲ့တဏှာ... (မကူးဖို့ပါဘုရား)။

မကူးရင်ပြီးတာပဲ၊ မကူးအောင် ဘာလုပ်ရမလဲဆိုတော့ စိတ်က ဖြစ်ပျက်ဆိုလို့ရှိရင် ဒီကရှုမိတဲ့ မဂ်ကလေး လိုက်ပေး လိုက်...(မှန်ပ့ါ) သဘောကျပလား...(ကျပါပြီဘုရား) ဖဿက ဖြစ်ပျက်၊ ဖြစ်ပြီးပျက်တယ်ဆိုရင် ရှုမိတဲ့ မဂ်ကလေး ဒီကလိုက် ...(မှန်ပ့ါ) ဖဿကြိုက်တဲ့ လူက ဖဿရှုလိုက်ပေ့ါလေ၊ ဝေဒနာကြိုက်တဲ့ ပုဂ္ဂိုလ်က ဝေဒနာ ရှုလိုက်လို့ရှိရင်ဖြင့်တဲ့၊ ဒီက ရှုမဂ်ကလေး ဒီလိုက်– လိုက်၊ သံယောဇဉ်တွေ...(ဘယ့်နှယ် နေမလဲ...(ပြတ်သွားပါတယ်ဘုရား)။

ဒါဖြင့် လုပ်ရင်ပြတ်တယ်...(တင်ပ့ါ) မလုပ်ရင် ဦးမြ ...(မပြတ်ပါဘုရား) ဩော်...သံယောဇဉ်တွေက များလွန်းလို့ ဘုရား၊ တပည့်တော်တို့အတွက်တော့ ခက်ပါသေးရဲ့ဆိုတာ သူမလုပ်ဘူးပြောတာ ရိပ်မိပလား...(ရိပ်မိပါပြီ) လုပ်မယ်ပြော တာလား၊ မလုပ်ဘူး ပြောတာလား...(မလုပ်ဘူး ပြောတာပါ ဘုရား)။

**အလုပ်မလုပ်ရင် အဝိုင်းပြေးပြေးပြီ**

မလုပ်ရင် အဝိုင်းပြေး ပြေးပြီပေ့ါဗျ၊ ဒီက ၁ လာတော့ ၂ မရောက်ပေဘူးလား...(ရောက်ပါတယ်ဘုရား) ၂ က နေပြီးမလုပ်တော့ ၃ မရောက်ပေဘူးလား...(ရောက်ပါတယ်)

၃ ကနေ ၄...(ရောက်ပါတယ်) ၄က နေ ၁ ပြန်မယ်၊ ကဲ... (ဒကာဒကာမတို့ ဘယ့်နှယ်လုပ်ကြမလဲ၊ ဒီလိုပဲ အဝိုင်းပြေး တော့မလား၊ အဝိုင်းပြေးတာ ထွက်ပေါက်ပါသေးရဲ့လား... (မပါ,ပါဘုရား)၊ ဒါဘယ်လိုပုဂ္ဂိုလ်ဟာ အဝိုင်းပြေးရတာတုံး မေးရင် ဘယ့်နှယ်ပြောကြမလဲ...(အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်ဟာ အဝိုင်းကြီး ပြေးရတယ်)။

ဒါဖြင့် အားလုံး ဒကာဒကာမတွေ အလုပ်လုပ်မှသာလျှင် ပဓာန...(မှန်ပါ့) ဆုတောင်း ပဓာနမဟုတ်...(မှန်လှပါဘုရား)၊ ဆုတောင်းက ဒီကနေတောင်းလဲ မရဘူး၊ ပြတ်တာမှ မဟုတ် ဘဲကိုး၊ ပြတ်ရပါလို၏သာ ဆုတောင်းတယ်၊ ပြတ်တဲ့အလုပ်ကို လုပ်ရဲ့လား...(မလုပ်ပါ) ဒါဟာ ၄က်ပျောတုံးကြီးထား ပြတ်စေသ တည်း၊ အလယ်က ပြတ်စေသတည်း၊ ဓားနဲ့ မခုတ်နဲ့နော်... (မှန်ပါ့) အလယ်က ပြတ်စေသတည်း၊ အလယ်က ပြတ်စေ သတည်း၊ ကဲ...ဒကာဒကာမတွေပဲ ဆုံးဖြတ်ချက်ချ...(မပြတ် ပါဘုရား)။

မပြတ်ဘူး၊ ဦးမြရော...(မပြတ်ပါဘုရား) ဘာဖြစ်လို့တုံး... (လက်တွေ့မဖြတ်လို့) ဖြတ်တတ်တဲ့ ဓားနဲ့ မဖြတ်လို့ ...(မှန်ပါ့) ဒါကြောင့် မဂ်ဓားနဲ့ ဒီကနေ ဖြတ်လိုက်မယ်ဆိုရင် သခင်ဝတင် ဘယ့်နှယ်နေမလဲ...(ပြတ်ပါတယ်ဘုရား) ပြတ်တယ်ဆိုတော့ ပါရမီလိုသလား၊ လုပ်တဲ့ အလုပ်လိုသလား...(လုပ်တဲ့အလုပ် လိုပါတယ်ဘုရား) အဲဒါကြောင့် ဘုရားဆုပန်ရင် ပါရမီလိုတယ်၊ လက်ဝဲရံ လက်ယာရံဆုပန်ရင် ပါရမီလိုတယ်၊ အသီတိရှစ်ကျိပ် ဖြစ်ချင်ရင်...(ပါရမီလိုတယ်) ပစ္စေကဗုဒ္ဓါ ဖြစ်ချင်ရင်...(ပါရမီ

လိုပါတယ်) ယနေ့ နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်မှာ ပါရမီ မလို ဘူး...(မှန်လှပါဘုရား) ပေါ်ကြပလား...(ပေါ်ပါပြီ) ယနေ့ နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်ဟာ...(ပါရမီမလိုပါ) ပါရမီမလိုဘူး။

**ဘုရားဆုပန်များ ဗိသေးသလား**

အဲဒီပါရမီပြောတာဟာ ခင်ဗျားတို့ ဆုတ်နစ်တဲ့စိတ် ပေါ်ဖို့ ပြောနေတာ၊ ဒီအထဲ ဘုရားအလောင်း တစ်ယောက်မှ မပါဘူး၊ ပါကြရဲ့လား...(မပါ,ပါ) ဦးအောင်ဇံဝေကြီး ဘုရား ဆုများ ပန်သေးသလား...(မပန်ပါဘုရား) မပန်ပါဘူး၊ မပန်ဘူး တော်သေးတယ်၊ ကောင်းပြီတဲ့၊ ဒါဖြင့် ဒကာဒကာမတို့ သေသေ ချာချာလဲ နားထောင်ပါဆိုတော့ သြော်...လူဟာ လူ့သံယောဇဉ် မပြတ်ဘဲနဲ့ နိဗ္ဗာန်ရပါ့မလားလို့ဆိုတော့ ဘုရားဖြေတာနော်၊ ဒီသံယောဇဉ် ဆက်သွားလို့ ရသေးရဲ့လား...(မရပါဘုရား) သူ့ပဋိစ္စသမုပ္ပါဒ်နဲ့ သူမကိုက်ဘူးလား...(ကိုက်ပါတယ်)ဆက်သွား ရင်တော့...(မရပါ) ဖြတ်လိုက်ရင်တော့...(ရပါတယ်ဘုရား)၊

ဒါဖြင့် ခင်ဗျားတို့ ဒီဟာကို မှတ်ည်ပြီးကြည့်ပါ...(မှန်ပ့ါ) ပေါ်ကြပလား...(ပေါ်ပါတယ်) ဒီဟာကို မှတ်ည်ကြည့်၊ ဘယ်သူ ပြောတာမှ မယုံနဲ့၊ ဒါခင်ဗျားတို့ ဖြစ်စဉ်၊ သဘောကျပလား ...(မှန်ပါ့) ခင်ဗျားတို့ဖြစ်စဉ်ကို ခင်ဗျားတို့ ဆရာဘုန်းကြီး ပေးတဲ့၊ဉာဏ်နဲ့ နည်းပေးတဲ့ ဉာဏ်နဲ့သာဖြတ် မရမရှိဘူး...(မှန်ပ့ါ) ကဲ–ဘယ်သူပြောတာ ယုံကြမတုံး၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ပြတ် မပြတ်ကို အကဲခတ်ကြမလား...(မှန်ပ့ါ၊ အကဲခတ်ပါမယ်) ပြတ်, မပြတ် အကဲခတ်ရမယ်၊ သဘောပါပလား...(ပါ,ပါပြီ

ဘုရား)။

သူများပြောတာ ယုံမလား၊ကိုယ့်ပဋိစ္စသမုပ္ပါဒ် ပြတ်မပြတ် ဆုံးဖြတ်ချက်ချမလား…(ကိုယ့်ပဋိစ္စသမုပ္ပါဒ်နဲ့ ကိုယ်ဆုံးဖြတ် ချက်ချပါမယ်) ဒါဖြင့် နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်ပဋိစ္စ သမုပ္ပါဒ် ပြတ်လို့ ရောက်ပြီ…(မှန်ပါ့) မပြတ်ဘဲနဲ့…(မရောက် ပါဘူး) ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ ဘုရားဖြစ်ချင်တဲ့ အတွက် ပါရမီတွေ ဖြည့်လိုက်တာကတော့ဖြင့် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပေါ့နော်…(မှန်ပါ့) ပြတ်တဲ့အလုပ်တော့ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ အရုံတက်မှ လုပ်ရတယ်…(တင်ပါ့ဘုရား) အဲဒီတော့ ဘုရားဖြစ်သွားတယ်…(မှန်ပါ့ဘုရား)။။

၂ က ၃ မကူးလို့ ဘုရားဖြစ်တာ

ဟိုဟာတွေက အကူအညီသာ ဖြစ်တယ်၊ တကယ်ပြတ် တာက သူ့မဂ်က ဖြတ်ပေးတာ…(မှန်ပါ့) ရိပ်မိပလား… (ရိပ်မိပါတယ်) ဒါဖြင့် ဘုရားဘာကြောင့် ဖြစ်သတုံး၊ ပဋိစ္စသမုပ္ပါဒ် ၂ က ၃ မကူးလို့ ဘုရားဖြစ်တယ်၊ ရိပ်မိပလား…(ရိပ်မိပါတယ်) ဘုရားဘာကြောင့် ဖြစ်သတုံး…(၂က ၃ မကူးလို့ ဖြစ်တာ) ၂က ၃ မကူးလို့ ဘုရားဖြစ်တာ။

သောတာပန် ဖြစ်ချင်တော့ရော…(နှစ်က သုံးမကူးလို့ ဖြစ်တာ) သကဒါဂါမ် ဖြစ်ချင်ရော…(နှစ်က သုံးမကူးလို့ ဖြစ်တာ) ကုန်ရောပေါ့ဗျာ…(စကားကုန်နေပြီ) မကုန်သေးဘူး လား…(ကုန်ပါပြီ)။

အဲဒါ ဘုန်းကြီးတို့ ဒကာဒကာမတွေက သူများပြောတာကို

မယုံနဲ့ ဒါခင်ဗျားတို့ခန္ဓာ...(မှန်ပါ) ဘုန်းကြီးပြောတာတောင် ချင့်ယုံ၊ ဒါကိုယ့်ခန္ဓာသည် ပဋိသန္ဓေ နေတယ်၊ နာမ်ရုပ်ပေါ်တယ်၊ သဠာယတနဆိုတဲ့ မျက်စိ၊ နား၊ နှာခေါင်း စိတ်ပေါ်တယ် ...(မှန်ပါ)၊ ဖဿပေါ်တယ်၊ ဝေဒနာပေါ်တယ်၊ တဏှာ မကူး စေနဲ့...(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား)။

တဏှာကူးရင်တော့ဖြင့် မရဘူး၊ တဏှာမကူးဘဲနဲ့ ဒီတိုင်း နေရင် မဂ်ကဝင်ပြီးသကာလ ဝိပဿနာမဂ်နဲ့ ဝင်ဖြတ်ပါ၊ ရ,မရ...(ရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သူတစ်ပါးဟောတာ ယုံမလား၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တာကို အတည်ပြုမလား...(ကိုယ့် ပဋိစ္စ သမုပ္ပါဒ် ကိုယ်ဖြတ်တာကို အတည်ပြုရမှာပါဘုရား)။

## ကိုယ့်ဝမ်းနာ၊ ကိုယ်အသိဆုံး

ဘယ်သူ့မှ မယုံနဲ့ဗျ၊ ကိုယ့်ဝမ်းနာ ကိုယ်အသိဆုံး... (မှန်ပါ) ရိပ်မိပလား...(ရိပ်မိပါပြီ) ဒကာဒကာမတွေ ဘယ်သူ ပြောတာတုံး၊ ကိုယ့်ဟာကိုယ် ပြောတာ ရှင်းပလား...(ရှင်းပါပြီ) အားလုံး ဒကာဒကာမတွေ ဉာဏ်ထဲမှာ ကွင်းကွင်းကွက်ကွက် ပေါ်ရဲ့လား...(ပေါ်ပါတယ်) ကိုယ့်အဖြစ်ဆိုးကို ကိုယ်အသိဆုံး။

ဒကာဒကာမတို့ ဝေဒနာပစ္စယာ ဝေဒနာက ခင်ဗျားတို့က ဥပမာ ဝက်သား၊ ကြက်သား စားလိုက်တယ်ဆိုတော့ သုခဝေဒနာ ပေါ်မှာပေါ့ဗျာ...(မှနပ့ါ) နောက်ဝယ်ဦးပေါ့ဆိုတဲ့ တဏှာ မလာပေဘူးလား...(လာပါတယ်ဘုရား)၊ ဆက်ပေ့ါ၊ သံယောဇဉ် စွန့်သေးရဲ့လား၊ ဒါဖြင့် ဝေဒနာကွန္ဓာနောက်က သခ်ါရက္ခန္ဓာဆိုတဲ့

တဏှာမလိုက်ဘူးလား...(လိုက်ပါတယ်) တဏှာလိုက်တော့ တဏှာ ပစ္စယာ ဥပါဒါန်ဆိုတာက ခင်ဗျားတို့က တောင့်တရတာလား၊ ဓမ္မနိယာမပေါ်တာလား...(ဓမ္မနိယာမကြောင့် ပေါ်တာပါ) ဓမ္မနိယာမကြောင့် ပေါ်တာ...(မှန်ပါ့) ဥပါဒါန်ပစ္စယာ ကမ္မဘဝေါဆိုတဲ့ ကာယကံ၊ ဝစီကံက နောက်ဝယ်ဦးကွယ်၊ ချက်ဦးကွယ်ဆိုတာ ဘာတုံး...(ကမ္မဘဝတဲ့ သဘောကျပလား ...(ကျပါပြီ) နောက်ဝယ်ပါဦး၊ ချက်ပါဦးလို့ ကာယကံနဲ့ရော မသွားကြဘူးလား...(သွားပါတယ်ဘုရား) ဝစီကံနဲ့ရော မှာကြဘူးလား... (မှာပါတယ်ဘုရား) မှာတာကို ဘာဆိုကြမလဲ... (ကမ္မဘဝပါ) ကမ္မဘဝဆိုတာ သေချာပလား...(သေချာပါတယ်ဘုရား)။

ဒါဖြင့် ကမ္မဘဝလုပ်ထားတဲ့ ပုဂ္ဂိုလ်ဟာ သေသည်၏ အခြားမဲ့၌ ဇာတိရမှရပါ့မလား...(ရပါတယ်ဘုရား) ဟိုမှာ အစပ်က ပြောတယ်၊ ဆက်သွားပြီ၊ ဒီမြွားကလေးက နှစ်ဖက် ဆက်ပြီကွ၊ မြွားပြတ်သေးရဲ့လား...(မပြတ်ပါ)၊ အဲဒီတော့ ဒကာဒကာမတို့က လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန် မရဘူးဆိုတဲ့ အဖြေကိုလဲ ဟောဒီစပ်လို့ရှိရင် မရဘူး ပြောတာ ...(မှန်ပါ့ဘုရား)။

ဦးမြ ဝေဒနာနဲ့ တဏှာစပ်ရင်...(မရပါဘုရား) ဖဿနဲ့ တဏှာစပ်ရင်...(မရပါဘုရား) စိတ်နဲ့တဏှာ စပ်ရင်ရော... (မရပါဘုရား) မရဘူးတဲ့၊ ကဲ...ဘုန်းကြီးကပဲ တာဝန်ခံပါတယ်၊ ဒကာဒကာမတို့ မစပ်အောင် ဟောဒီကနေပြီးသကာလ ဒါတွေ ပေါ်တိုင်း၊ ပေါ်တိုင်း အနိစ္စရှုပါ၊ ရှုလို့ရှိရင် ဒါနဲ့ဒါဟာ မစပ်

ဘဲနဲ့ အစကပြတ်တယ်၊ ပြတ်ခဲ့ရင် ဒီနေရာကနေပြီးတော့ မရဘူးလား...(ရပါတယ်) ပြတ်မပြတ် အကဲခတ်ထား... (ပြတ်ပါတယ်) ဒါဖြင့် နိဗ္ဗာန်ရမယ်...(မှန်ပါ့ဘုရား)။

**ဘယ့်နှယ်ကြောင့် နိဗ္ဗာန်ရသတုံး**

ဘယ့်နှယ်ကြောင့် နိဗ္ဗာန်ရသတုံးဆိုတော့ တဏှာ၊ ဥပါဒါန် က ကိလေသဝဋ်၊ ကံက ကမ္မဝဋ်...(မှန်ပါ့) ဒီဘက် ဇာတိ ဇရာ မရဏက ...(ဝိပါကဝဋ်) ဒါဖြင့် ကျွတ်သွားပြီ...(မှန်ပါ့) မရပေဘူးလား...(ရပါတယ်) ဒါဖြင့် သူများပြော ယုံမလား၊ ခင်ဗျားတို့ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တာ ယုံမလား... (ကိုယ်ဖြတ်တာ ကိုယ်ယုံပါတယ်) ဘာဆုမှ တောင်းမနေနဲ့၊ ဒါချည်း ဖြတ်နေရင် ရတာပဲ...(မှန်ပါ့) ဘာဆုမှ မတောင်းနဲ့၊ တပည့်တော် မြန်မြန်ကြီး နိဗ္ဗာန် ရ,ရပါလို၏ တောင်း... (မရဘူး)။

မြန်မြန်ကြီး နိဗ္ဗာန်ရ,ရပါလို၏ဆိုပြီး တောင်းရင်... (မရပါဘုရား) ဘာဖြစ်လို့လဲ ဖြတ်မှမဖြတ်ဘဲနဲ့ ရနိုင်ပါ့ မလား...(မရပါဘုရား) ဒကာဒကာမတို့ ကျေနပ်ကြပလား... (ကျေနပ်ပါပြီ) ဒါဖြင့် ဒကာဒကာမတွေ ဆုတောင်းနဲ့ အလုပ် ဘယ်ဟာကို အဓိကထားကြမလဲ... (အလုပ်ကို အဓိကထား ရမယ်)အလုပ်အဓိကထားရင် ဒီနေရာမှာ မဆက်စေနဲ့ ...(မှန်ပါ့) ဦးထွန်းအောင်ကြီး သဘောကျပလား...(ကျပါပြီဘုရား) သေသေ ချာချာသဘောကျပြီနော်...(မှန်ပါ့) ကောင်းပြီ ဒကာဒကာမတို့၊ ဒါသူများပြောတာလား၊ ကိုယ့်ခန္ဓာက ဒီလို ဖြစ်နေတာလား

...(ကိုယ့်ခန္ဓာက ဒီလိုဖြစ်နေတာပါ) ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ် ဘုရားဖြစ်တာက ငါပဋိစ္စသမုပ္ပါဒ် အစသိလာလို့ ဘုရားဖြစ်တယ်၊ ပဋိစ္စသမုပ္ပါဒ် ဆုံးအောင် ဖြတ်နိုင်လို့လဲ ငါဘုရားဖြစ်တယ်ကွ ဆိုပြီးတော့ ပဋိစ္စသမုပ္ပါဒ် အစသိတော့ကို အဝိဇ္ဇာအကြောင်း သူ ကောင်းကောင်းသိတယ်...(မှန်ပါ့) ပဋိစ္စ သမုပ္ပါဒ် အဆုံးသိတော့ အဝိဇ္ဇာဆုံးရင် ချုပ်တာပဲဆိုတော့ ဖြစ်ပျက်ရှုတဲ့ မဂ်ဟာ အဝိဇ္ဇာချုပ်တယ်...(မှန်ပါ့) မချုပ်ဘူးလား ...(ချုပ်ပါတယ်ဘုရား)။

### ဒါဖြတ်လို့ ဘုရားဖြစ်သွားတာ

အဝိဇ္ဇာချုပ်တော့ အင်း...ပဋိစ္စသမုပ္ပါဒ် ငါအစသိတယ်၊ ချုပ်တဲ့နေရာလဲ သိတယ်၊ ဒါကြောင့် ငါသည်ကားလို့ဆိုရင် 'ဝိရူပယံ တိဋ္ဌတိ မာရသေနံ'ဆိုပြီး ဒီကိလေသာမာရ်တွေ ငါ အောင်လို့ ဟောဒီနေရာမှာ ငါဘုရားဆိုတာ ဒါပဲကွလို့ ငါ့ခန္ဓာငါး ပါးဟာ ဒါဘုရားပဲ...(မှန်လှပါဘုရား) ပေါ်ပလား...(ပေါ်ပါပြီ) ဒကာဒကာမတို့ ဒါဖြတ်လို့ ဘုရားဖြစ်သွားတာ...(တင်ပါ့) ဒီအဝိဇ္ဇာကလဲ ဒီကနေ ရှုလိုက်တော့ ဝိဇ္ဇာမဖြစ်ဘူးလား... (ဖြစ်ပါတယ်ဘုရား)။

ဝိဇ္ဇာဖြစ်တော့ ဒီက တဏှာ ဥပါဒါန် လာသေးရဲ့လား... (မလာပါဘုရား) ဒါဖြင့် ဘုရား၊ ဘုရား ဘယ်နှယ်ကြောင့် ဖြစ်ပါလိမ့်မတုံးလို့ မေးလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်ပြတ်လို့ ဘုရား ဖြစ်တာ...(မှန်ပါ့ဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ပါရမီဆယ်ပါး အပြားသုံးဆယ်ကြောင့် ဘုရားဖြစ်လာ

တာလား၊ ပဋိစ္စသမုပ္ပါဒ် ပြတ်သွားလို့ ဘုရားဖြစ်တာလား... (ပဋိစ္စသမုပ္ပါဒ် ပြတ်သွားလို့ ဘုရားဖြစ်တာပါဘုရား)။

**မှတ်ထားတာတွေနဲ့ လွဲကုန်ပြီ**

ဩော်...(ခင်ဗျားတို့ မှတ်ထားတာတွေနဲ့ လွဲကုန်ပါ ပေ့ါလား) လွဲကုန်ပြီ၊ မောင်ထွန်းရင်တို့...(တင်ပ့ါဘုရား) ဦးသူတော်ကြီး လွဲပြီ...(မှန်ပ့ါ)၊ ခင်ဗျားတို့က ပါရမီဆယ်ပါး အပြားသုံးဆယ်ကြောင့် ဘုရားဖြစ်တာ၊ လွယ်တယ်များ အောက် မေ့မနေနဲ့ဆိုတော့ ပဋိစ္စသမုပ္ပါဒ် မပြတ်လို့ရှိရင် မြတ်စွာဘုရားလဲ ကျုပ်တို့လို အဝိုင်းပြေးပဲသွားမယ်...(မှန်ပ့ါ) ဒီ့ပြင် သွားစရာ ရှိသေးရဲ့လား...(မရှိပါဘုရား)။

ဒါဖြင့် ဦးမြ ပါရမီဆယ်ပါး အပြားသုံးဆယ်က ဝေးသော အကြောင်း...(မှန်ပ့ါ) နီးသောအကြောင်းက ဒီနေရာက ဖြတ်တဲ့ မဂ်လို့ မှတ်လိုက်စမ်းပါ...(မှန်လှပါဘုရား) ရှင်းပလား...(ရှင်းပါပြီ) ဒါဖြင့် မဂ်နဲ့ ဝေးသော အကြောင်းဟာ ဘယ်ဟာကို အဓိကထားကြမတုံး...(မဂ်ကို အဓိကထားရမယ်) မဂ်ကို အဓိက ထားဆိုတော့ ခင်ဗျားတို့အခု သာသနာတွင်းရှိတုန်း ဘုန်းကြီး ပြောနေတာ၊ ဒီအဆက်ကို ဖြတ်နိုင်တယ်...(တင်ပ့ါ) နောက် ဘုန်းကြီးတို့လို ပုဂ္ဂိုလ်တွေ သေသွားလို့ရှိရင် ဒီအဆက် ဖြတ်ပေးမယ့်သူ မရှိဘူး...(မှန်ပ့ါဘုရား)။

**ဆုတောင်းသမား ကျန်ရစ်နေမယ်**

ဦးမြ…(မှန်ပါ့) ရှိပါ့မလား…(မရှိပါဘုရား) မရှိတော့ဘူး၊ မရှိတော့ ဘာကျန်နေမတုံး၊ ဆုတောင်းသမား ကျန်ရစ်နေမယ်၊ ယောဒီတဏှာနဲ့ တောင်းတဲ့ ဆုတောင်းသမား ကျန်နေရစ်မယ်… (မှန်ပ့ါ) တောင်းရင်ပြည့်တာပဲဆိုတာက ခင်ဗျားတို့ လူ့ပြည် နတ်ပြည် ပြည့်တယ်…(မှန်ပ့ါ) သဘောကျရဲ့လား…(ကျပါတယ် ဘုရား)။

ဗြဟ္မာပြည်တောင်းရင် မရဘူး…(မှန်ပ့ါ) သမထလုပ်မှ ဗြဟ္မာပြည်ကို ရမယ်…(မှန်ပ့ါ) သဘောကျပလား…(ကျပါပြီ) အာသဝေါကုန်တဲ့ နိဗ္ဗာန်ကို ဒကာဒကာမတွေက သေသေချာချာ စဉ်းစားပါ၊ ဒီမဂ်မပါဘဲနဲ့ ဒီအာသဝေါကုန်ပါ့မလား…(မကုန်ပါ ဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ်ကို မြင်ကြရဲ့လား ခင်ဗျားတို့ အဝေးက …(မြင်ရပါတယ်) ကဲ…ဒါဖြင့် ဒကာဒကာမတွေ အဖြေ ပေးကြပါ၊ နိဗ္ဗာန်ဆိုတာ ဆုတောင်းတဲ့အလုပ်လား၊ ပဋိစ္စသမုပ္ပါဒ် ပြတ်မှရတာလား…(ပဋိစ္စသမုပ္ပါဒ်ပြတ်မှ ရပါတယ်ဘုရား) ဒါကို ထိပ်သံမှိုနဲ့ စွဲသလို မှတ်ထား…(မှန်ပ့ါ) မပြတ်ရင် ဘယ်သူမှ မရဘူး…(မှန်ပ့ါ) သဘောကျပလား…(ကျပါပြီ) မပြတ်ရင် …(ဘယ်သူမှ မရပါဘုရား)။

ဘယ်သူမှ မရဘူးဆိုတာ ဆင်ခြေလဲချင်လဲကြဦးမယ် …(မလဲပါဘုရား) ကောင်းပြီတဲ့၊ ဒါဖြင့် ဒကာဒကာမတို့ လိုရင်းအကြောင်းကိုဖြင့် ကောင်းကောင်းသိပြီ ဒီနေ့ည…(မှန်ပ့ါ) သဘောကျပလား…(ကျပါပြီ) ကောင်းပြီ၊ ဒါဖြင့် လူဟာ

လူ့သံယောဇဉ် မပြတ်ဘဲနဲ့ နိဗ္ဗာန်ရောက်ပါ့မလား...(မရောက်ပါဘုရား)။

**ဒီအလုပ်သာ လုပ်ဖို**

လူဟာ လူ့သံယောဇဉ်တွေ၊ သားတွေ၊ သမီးတွေ၊ ဆွေတွေ၊ မျိုးတွေ၊ ရွှေပုံ၊ ငွေပုံ၊ စိန်ပုံတွေထဲမှာ ထိုင်နေပါတယ်၊ ဒီအလုပ်သာ လုပ်ပါတဲ့၊ ထိုင်တာက တခြား။ လုပ်တာက တစ်ဖုံ ဖြစ်ပါလိမ့်မယ်...(မှန်လှပါဘုရား) သဘောကျပလား ...(ကျပါပြီ) ဇောတိကတို့ ရွှေပုံထဲက ရတာပါ...(မှန်ပါ့ဘုရား) မရဘူးလား...(ရပါတယ်ဘုရား) ရွှေပုံထဲက ရတယ်။

သူဌေးသမီးတွေ ၇ နှစ်အရွယ် သောတာပန် တည်ကြတယ်ဆိုတော့အိမ်ထောင်တောင် မကျသေးဘူး၊ ရွှေပုံပေါ်မှာနေတုန်းမှာ ...(မှန်ပါ့) မနေဘူးလား...(နေပါတယ်) အဲဒီပုဂ္ဂိုလ်တွေ မရဘူးလား၊ ရသလား...(ရပါတယ်) ဒါပြတ်တာ...(သံယောဇဉ်) ဒါပြတ်တာ သံယောဇဉ် မဟုတ်ဘူးလား၊ ဒီနေရာ မဂ်ပေါ်လိုက်တာ...(တင်ပါ့ဘုရား) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား) ဒီနေရာ မဂ်ပေါ်ရင်တော့ဖြင့်...(ရပါတယ်) ရမှာပဲဆိုတော့ သေချာပလား...(သေချာပါတယ်ဘုရား) ဩော်– တပည့်တော်တို့က ခက်တယ်ဘုရား၊ သားနဲ့၊ မယားနဲ့၊ ဆွေနဲ့၊ မျိုးနဲ့ အစကလွဲလာတော့ နိဗ္ဗာန်တော့ဖြင့် တပည့်တော်တို့ ဝေးပေါ့လို့ မျက်ရည်မကျနဲ့။

**မျက်ရည်ကျချင်ကြသေးသလား**

ဒကာဒကာမတွေ မျက်ရည်ကျချင်ကြသေးသလား... (မကျပါဘုရား) မကျနဲ့၊ မလုပ်ရင်တော့ မျက်ရည်ကျပါ၊ ရှင်းကြပလား...(မှန်ပါ) ဒီနေရာမှာ ဖြစ်ပျက်ကို ဒီကနေရှုတဲ့ မင်္ဂမလာရင်တော့ မျက်ရည်ကျပါ၊ အိမ်လယ်မှာ သားနဲ့ သမီးနဲ့၊ ဆွေနဲ့မျိုးနဲ့၊ ရွှေပုံ၊ ငွေပုံတွေနဲ့ဆိုတော့ မျက်ရည်မကျပါနဲ့ ရပါတယ်...(မှန်ပါဘုရား) သဘောပါလား...(ပါ,ပါတယ် ဘုရား)။

သံယောဇဉ် ပြတ်မပြတ်ဆိုတာ ခင်ဗျားတို့ အထင်ကတော ကျောင်း၊ တောင်ကျောင်းနေမှ ဒီလိုထင်နေတယ်၊ ရှိတဲ့ပစ္စည်း အကုန်စွန့်မှ ဒါမှ သံယောဇဉ်က ပြတ်မှာကိုဆိုတော့ ခင်ဗျား တို့ဟာက လွန်လွန်းနေတယ်၊ မလုပ်ချင်တဲ့အထဲမှာ မဖြတ်နိုင် တာကလေး ဆင်ခြေလဲနေတယ်၊ အင်မတန် ဆိုးရွားမနေ ဘူးလား...(တင်ပါဘုရား)။

**စိန်တွေ ရွှေတွေနဲ့ နိဗ္ဗာန်ရောက်သွားတယ်**

အဲဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေသည် ခင်ဗျားတို့ ဘာတွေဝတ်ပြီး ဘာတွေစားနေနေနော်၊ သန္တတိအမတ်ကြီးတို့ ဗောင်းနားတောင်းတွေထဲက နေပြီး ရဟန္တာဖြစ်ပါတယ်...(မှန်ပါ) သန္တတိအမတ်ကြီးဟာ ဘုရားကျောင်းတော်သွားတော့ ဝန်ကြီး အဆင့် အဆောင်အယောင်တွေ အကုန်ပါတယ်...(မှန်ပါ) ဒီဟာ ဖြတ်ချလိုက်တာပဲ၊ အဲဒီမှာ အဝတ်တွေ ဆင်ပြီး ပြင်ပြီး စိန်တွေ ရွှေတွေနဲ့ နိဗ္ဗာန်ရောက်သွားတယ်၊ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

လျှော့ဈေးပေးတာလား

ဒါ...(လျှော့ဈေးပေးတာလား၊ ဖြစ်စဉ်အတိုင်း ပေးတာလား...(ဖြစ်စဉ်အတိုင်း ပေးတာပါဘုရား) အဲဒီတော့ ခင်ဗျားတို့က ဘာမှ ဆင်ခြေမလဲနဲ့၊ ဒီနေရာကလေး ဖြစ်ပျက်မရှုမိမှာ တစ်ခုသာ စိုးရိမ်၊ ဒီမှာပေါ်တဲ့ စိတ်တွေပေါ့ဗျာ...(မှန်ပါ) ဖြစ်ပျက်မရှုမိမှာသာ...(စိုးရိမ်) စိုးရိမ်ရမယ်ဆိုတော့ ဦးမာဒင်ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

တပည့်တော်က တည်ထောင်ထားတာ မနည်းပါဘူးဘုရား၊ ကိုယ့်အရှုပ်က အင်မတန်ကြီးတယ်၊ သူ့ဟာက ညည်းချင်ချင် မလုပ်ချင်ချင် ဒီအထဲ ဘုန်းကြီးကို တစ်ခါတည်း ဆင်ခြေလဲလိုက်တဲ့အခါကျတော့ ဟုတ်သားပဲ ဒကာကြီးက အစကလွဲလာတာ ကျုပ်လဲ မတတ်နိုင်ပါဘူး၊ ဒီအသံကြားချင်တာ...(မှန်ပါ့ဘုရား) မဟုတ်ဘူး၊ ဒီတော့ တတ်နိုင်တာပြောချင်တာ၊ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဦးမြကလဲ အလုပ်တွေ ပြန့်နေလို့ ဘုရားလို့ ခင်ဗျားဆင်ခြေမလဲနဲ့တော့၊ လဲဦးမလား...(မလဲပါဘုရား) မလဲနဲ့၊ ဒီနေရာသာဖြတ်ဖို့ အရေးကြီးနေတယ်၊ ၂ က ၃ ကို...(မကူးဖို့ပါ) ပေးဒီ ၂ က ၃ ကို မကူးလို့ရှိရင် ဘုရားလဲ ဖြစ်ပါတယ်၊ သောတာပန်၊ သကဒါဂါမ်ရော...(ဖြစ်ပါတယ်) အနာဂါမ်ရဟန္တာရော...(ဖြစ်ပါတယ်) ပေါ်ပလား...(ပေါ်ပါပြီ)။

**ဒီနေရာမဂ်ဝင်ဖို့သာ အရေးကြီးတယ်**

ဒါဖြင့် သောတာပန်နဲ့ သကဒါဂါမ်ဟာဒကာဒကာမတွေ ဒါကလေးပြတ်တာပဲ ထူးကြတယ်...(မှန်ပါ့ဘုရား) သဘော ပါကြပလား...(ပါ,ပါတယ်ဘုရား) ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဆရာသမားကောင်းနဲ့လဲ တွေ့နေတော့ ဩော်...(တို့ အရေးဟာ ဒီနေရာ မဂ်ဝင်ဖို့သာ အရေးဟာ အကြီးဆုံးပဲ...(မှန်ပါ့) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒီနေရာမှာ...(မဂ်ဝင်ဖို့ အရေးကြီးတယ်) မဂ်ဝင်တော့ ဒီမြှားကလေးဟာ အကုန်ပြတ်သွားပြီ၊ မပြတ်သေးဘူးလား... (ပြတ်ပါပြီ) ပြတ်တော့ ဒီကြိုးကလေးကြည့်၊ ဒီကြိုးကလေးက ဒါနဲ့ ပြတ်ပါပြီဆိုပြီး ဒီဘက်လှည့်ပြတယ် "ဝေဒနာ နိရောဓာ တဏှာ နိရောဓော နိဗ္ဗာနံ" ဘက် လှည့်ပြတယ်...(မှန်လှပါ) မပြဘူးလား...(ပြပါတယ်ဘုရား) ဦးမြကြီး ကျေနပ်ရဲ့လား... (ကျေနပ်ပါတယ်)။

ဒါဖြင့် ပြတ်တဲ့အခါကျတော့လဲ ဒီနေရာကနေပြီး နိဗ္ဗာန် ရောက်တာပဲ၊ မပြတ်လို့ရှိရင် ဝေဒနာ ပစ္စယာ တဏှာဆိုပြီး ဒီပြန်ပတ်တာပဲ...(မှန်ပါ့) ဒီကြိုးကလေးဟာလေ၊ ပေါ်ကြ ပလား...(ပေါ်ပါပြီ) ဒီကြိုးကလေး သာမည ကြိုးမဟုတ်ဘူး။ ဆက်ချင်ရင် ဒီဘက်သွားကွ၊ ပြတ်ချင်ရင် ဒီဘက်လှည့်ကွ ...ဒါပြောတာပဲ ဒကာဒကာမတွေ...(တင်ပါ့ဘုရား)။

**အပြင်အန္တရာယ်ကို မကြောက်ပါနဲ့**

အေး…ဦးသူတော်ကြီး ရိပ်မိရဲ့လား…(မှန်ပါ့) သဘောပါ ရဲ့လား…(ပါပါတယ်) ခင်ဗျား ဘယ်လိုလမ်းကလဲ…ဆက်သမား လား၊ ဖြတ်သမားလား၊…(ဖြတ်သမားပါဘုရား) ဟုတ်ရဲ့လား၊ ဆက်သမားလား၊ ဖြတ်သမားလား ဆိုတဲ့ဥစ္စာ အတော်မေးရ တယ်နော်၊ အဲဒီတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ခင်ဗျားတို့ အတွက်က တပည့်တော်ဘုရား၊ အန္တရာယ်ကင်း၍ ဘေးကင်းတာ ကြုံရပါစေလို့ ခင်ဗျားတို့က အားလုံးပဲ အလိုရှိကြတယ်။

ဗဟိဒ္ဓ အန္တရာယ်ကို မကြောက်ပါနဲ့နော်…၊ခင်ဗျားတို့ သန္တာန်မှာ ဆက်သွားလို့ရှိရင် တဏှာဟာ အကြီးဆုံးအန္တရာယ် ပါပဲ၊ သဘောကျပလား…(မှန်ပါ့) တဏှာဟာ ဘာတုံး… (အကြီးဆုံး အန္တရာယ်ပါဘုရား) ဘာသစ္စာတုံး… (သမုဒယ သစ္စာပါဘုရား) သမုဒယသစ္စာ။

ဒါ…သမုဒယသစ္စာမို့ အဲ …သူက ဒုက္ခမျိုးစုံပေးတာ၊ ခင်ဗျားတို့ ဒီပြင်ဟာတွေ ဘာမှမကြောက်နဲ့၊…(မှန်ပါ့) သူတစ်လုံးသာ ကြောက်ရတယ်၊ သဘောကျပလား… (ကျပါ တယ်) သူလာမှာ ကြောက်ကြပါ၊ သူမလာရင်…(မကြောက်ရပါ) ဘာမှ ကြောက်စရာ မရှိဘူးဆိုတာ ပေါ်ကြပလား…(မှန်ပါ့၊ ပေါ်ပါတယ်ဘုရား)။

**အမှိုက်ရှိရင် ချွေးချေးသာတယ်**

ဒါဖြင့် ဒကာဒကာမတို့ တဏှာရှိလို့ရှိရင် တဏှာနဲ့ ပတ်သက်တဲ့ တဏှာဆိုတာသည် မည်းတဲ့တရားလား၊ ဖြူတဲ့

တရားလား ဆိုတာ ခင်ဗျားတို့ သိပြီးသားထားပါ…(မှန်ပါ) ဘယ်လိုဆိုမယ်…(မည်းတဲ့တရားပါဘုရား) အို…မည်းတယ် ဆိုကတည်းက အမိုက်ပဲဗျ၊ အမိုက်ရှိရင် ခွေးချေးလာတယ် …(မှန်ပါ့ဘုရား)။

ဒါအမိုက်တွေရှိနေလို့ရှိရင် ခွေးချေးတွေ အကုန်လာတယ် …(မှန်ပါ့) ဥပါဒါန်တွေ၊ ကံတွေ၊ သဘောကျပလား…(မှန်ပါ့) ရှင်းပြီနော်…(ရှင်းပါပြီ)

ရတနာရှိရာ ရတနာလာတယ်

ဒီအမိုက်ကို မလာအောင် ဒီကနေပြီး ဖြတ်လိုက်မယ် ဆိုတော့ ရတနာရှိရာ ရတနာလာတယ်၊ မင်ရှိရာကို ဖိုလ်လာ တယ်…(မှန်ပါ့) ရိပ်မိပလား…(ရိပ်မိပါပြီဘုရား)။

မင်ရှိရာကို…(ဖိုလ်လာတယ်) အဲဒါ ရတနာရှိရာတော့ …(ရတနာလာတယ်) အမိုက်ရှိရာတော့…(ခွေးချေးလာတယ်) ကြိုက်တာယူကြပေတော့၊ ဘယ်ဟာကြိုက်သတုံး၊ မပြောပါရစေနဲ့ ဘုရား၊ နောက်က ဒကာဒကာမတွေ အမိုက်ရှိရာကို ခွေးချေး လာတာပဲ ကြိုက်သလား၊ ရတနာရှိရာကို ရတနာလာတာပဲ ကြိုက်သလား…(ရတနာရှိရာကို ရတနာလာတာပဲ ကြိုက်ပါတယ်) မလုပ်ဘဲနေရင် ဘာလာမယ် ထင်ကြသတုံး…(ခွေးချေးလာပါ လိမ့်မယ်) အင်း…ခွေးချေးလာလို့ရှိရင်ဖြင့် အောင့်အည်းသာ သည်းခံကြပေတော့၊ ခင်ဗျားတို့ ကျေးဇူးများစရာ တစ်ကွက်မှာ မမြင်ဘူး။

ခွေးချေးချည်းစုနေလို့

ရိပ်မိပလား...(ရိပ်မိပါပြီ) အင်မတန် ဆိုးရွားနေတယ် ဆိုတာရော ကိုယ့်အကြောင်း ကိုယ်သိပလား...(သိပါပြီဘုရား) ခင်ဗျားတို့ စိန်နဲ့၊ ရွှေနဲ့၊ မြနဲ့၊ တိုက်နဲ့၊ တာနဲ့ နေတာ ဘုန်းကြီး သိပ်ဝမ်းသာပါတယ်။ သို့သော်လဲ ခွေးချေးချည်း စုနေလို့ မကျေနပ်ဘူး...(မှန်ပါ့ဘုရား)။

ဦးမာဒင်...(ဘုရား) ကျေနပ်စရာရှိရဲ့လား...(မရှိပါ ဘုရား) ကျေနပ်စရာ မရှိဘူးတဲ့၊ ဦးညွန့်ရော...(မကျေနပ်ပါ ဘုရား) ဦးမြ ကျေနပ်စရာရှိရဲ့လား...(မရှိပါဘုရား) အဲဒါကြောင့် ခင်ဗျားတို့ဟာ ဒီအဝိုင်းပြေးအလုပ်ကိုပဲ နေ့တိုင်းလုပ်နေတယ်၊ မလုပ်ဘူးလား လုပ်သလား...(လုပ်ပါတယ်ဘုရား)။

ဩော်...ဘယ်လောက် ကြာခဲ့ပြီလဲလို့ဆိုရင် ဘယ့်နှယ် ဖြေကြမလဲ...(မမှတ်မိပါဘုရား) တစ်သံသရာလုံး ဟောဒီက သမုဒယသစ္စာ၊ ဒါက ဒုက္ခသစ္စာ...(မှန်ပါ့ဘုရား)။

ပစ္စုပ္ပန်မှာ ထပ်မိုက်တော့ ဒါက ဘာသစ္စာလဲ...(သမုဒယ သစ္စာပါဘုရား)။

ထပ်မိုက်လို့ နောက်ထပ် အကျိုးပေးတာကရော...(ဒုက္ခ သစ္စာပါဘုရား)။

တစ်ခါထပ်မိုက်ပြန်လို့ နောက်ထပ်...(သမုဒယသစ္စာပါ ဘုရား)။

အင်း...မိုက်ခြင်းကြောင့် အကျိုးပေးရတာ...(ဒုက္ခသစ္စာ ပါဘုရား)။

တစ်ခါ ထပ်မိုက်ပြန်တယ်...(သမုဒယသစ္စာပါဘုရား)

ဒါပဲရှိတယ်...(ဒီ့ပြင် မရှိပါဘူး)။

ဦးမြကျေနပ်ပလား...(ကျေနပ်ပါတယ်ဘုရား) နောက်က ဒကာဒကာမတွေ ကျေနပ်ရဲ့လား...(ကျေနပ်ပါတယ်ဘုရား) ကျေနပ်ပါတယ်ဆိုတော့ ငါသေလျှင် ဘယ်များသွားမှာပါလိမ့် မတုံးဆိုတဲ့ တွေးလုံးဟာ လူတိုင်းမှာ ရှိတယ်...(မှန်ပါ့) ငါသေရင် ဘယ်များရောက်လို့ ဘယ်များ ပေါက်ကြမတုံးဆိုတဲ့ ဥစ္စာ ဒကာဒကာမတွေ လူတိုင်းမှာရှိတယ်...(ရှိပါတယ်ဘုရား)။

အဲဒါ သူများသွားမမေးနဲ့ ရှက်စရာကြီး...(မှန်ပါ့) မေးရင် ဘယ်နှယ်ထင်ကြသလဲ...(ရမ်းဖြေလိုက်လိမ့်မယ်ပါဘုရား)။

**ဝေဒနာက တဏှာဆက်သလား**

ဟိုလူတွေက ခံနိုင်မှာ မဟုတ်ဘူး၊ သူတို့က သိတာမဟုတ် ဘူး၊ အဘိညာဉ်မရဘူး၊ ခင်ဗျားတို့က ကိုယ့်ဟာကိုယ် သိတယ်၊ ငါဟာ ဝေဒနာက တဏှာဆက်သလား မဆက်ဘူးလားဆိုတာ ခင်ဗျားတို့က သိတယ်...(မှန်ပါ့) စိတ်က တဏှာဆက်သလား၊ မဆက်ဘူးလား ဆိုရင်ရော...(ကိုယ့်ဟာကိုယ်သိပါတယ်) ကိုယ့် ဟာကိုယ် သိတာ ဒီမှာကြည့်ပါလား။

ဒကာဒကာမတို့ ဒီဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ မသိတော့ သမုဒယ သစ္စာလာတယ်...(မှန်ပါ့) မလာဘူးလား...(လာပါ တယ်ဘုရား) သမုဒယသစ္စာ လာလို့ရှိရင် ဒုက္ခသစ္စာ နေပါ့မလား ...(မနေပါဘုရား) ဒါဟာ အပါယ်ဒုက္ခတွေ ဒီထဲအကုန်ပါ တာပဲ...(မှန်ပါ့) အဲဒီတော့ ဆရာတော်၊ သမားတော်တွေ

ကိုယ့်ဟာကိုယ် မေးမလား...(ကိုယ့်ဟာကိုယ် မေးရမှာပါ)။

သဘောပါကြပြီ ဒကာဒကာမတွေ သူများသွားမေးရင် ရမ်းဖြေမယ်...(မှန်ပါ့) ကိုယ့်ဟာကိုယ်ကျတော့ ရမ်းဖြေစရာ ရှိသေးရဲ့လား...(မရှိပါ) သဘောပါပြီလား...(ပါ,ပါပြီ) အဲဒီတော့ ကို ဘုန်းကြီးတို့ ဒကာဒကာမတွေ ခင်ဗျားတို့အတွက်ဟာက အရေးကြီးပြီ၊ ဩော်...သူတို့က ဗဟုသုတရှိတယ် သူတို့သွား မေးမှ တပည့်တော်က ကျောင်းလဲဆောက်ထားတယ်၊ ဘုရားလဲ တည်ထားတယ်၊ အဲဒီတော့ တပည့်တော်ဖြင့် အသေစိတ်ချရ မလား၊ ခင်ဗျားတို့က နှုတ်ချိုချိုနဲ့ သွားမေးလိမ့်မယ်။

## ဘာလုပ်နေနေ ဒါဆက်ရင်သွားရော

သာမည ဆရာဆိုလို့ရှိရင် ဟာ...မင်းလိုလူ ရှာမှရှားကွ ပောာချင်တာ ပောချလိုက်မယ် ဘာလုပ်နေနေ ဒါဆက်ရင် သွားရော ရိပ်မိပလား...(မှန်ပါ့ဘုရား)။

(ဤနေရာ၌ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို ထောက်ပြသည်)။

ဘာလုပ်နေနေ ဒါဆက်ရင်...(မှားသွားမှာပေါ့) အဲဒီတော့ သူများ မေးကြမလားတဲ့၊ ကိုယ့်ကိုယ်မေးကြမလား... (ကိုယ့် ကိုယ်မေးကြပါမယ်ဘုရား) အဲဒါက ဘုန်းကြီးက ခင်ဗျားတို့ကို မှန်တစ်ချပ် ပေးခဲ့တာပါ၊ ကိုယ်အရုပ်ဆိုးတယ်၊ မဆိုးဘူး၊ ဆက်တယ်၊ မဆက်ဘူးဆိုတာ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာ ဖြစ်စဉ်ကို ကြည့်လိုက်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီ)။

ကိုယ့်ဉာဏ်နဲ့...(ကိုယ့်ခန္ဓာ ဖြစ်စဉ်ကို ကြည့်ရမယ်) ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာဖြစ်စဉ်ကို ဒကာဒကာမတွေ ကြည့်လိုက်

မယ်ဆိုလို့ရှိရင် ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချ...(မှန်ပါ)။

**သာဓုခေါ်တာ ဘဝင်မမြင့်လိုက်ပါနဲ့**

ဦးမြကြီး...သူများသာဓုခေါ်တာများ ဘဝင်မမြင့် လိုက်ပါနဲ့...(မှန်ပါ) သူများသာဓုခေါ်တာကို...(ဘဝင်မမြင့်ပါနဲ့) ဘဝင်မမြင့်ကြနဲ့နော် ဒကာဒကာမတွေ၊ ကိုယ်က ပဋိစ္စသမုပ္ပါဒ်ဆက်တယ်၊ ဟိုက ရမ်းပြီးသကာလ ဂုဏ်ရှိတဲ့လူမို့ သာဓုခေါ်လိုက်တယ်...(မှန်ပါ) ခင်ဗျားတို့က ဖိုးကြိုင်းဒုတ် လုပ်နေရင်တော့ သွားပြီ။ ဒီအသွား မသွားသေးဘူးလား... (သွားပါပြီဘုရား)။

အဲဒီတော့ သူများသာဓုခေါ်မှာကို ခင်ဗျားတို့ ကြောက်စရာကောင်းတယ်...(မှန်ပါ) ကိုယ်က ဝေဒနာက ဘယ်သွားနေသလဲ ...(တဏှာသွားနေတယ်) တဏှာသွားနေတော့ ခင်ဗျားက အင်း...(ဒီလို ကောင်းကောင်းမွန်မွန်ကလေး စားရလို့ ဒီလိုကောင်းတဲ့ဆီ ရောက်ရပါလို၏ဆိုတော့ တဏှာက မလာဘူးလား...(လာပါတယ်) အဲဒါကို ဘေးက သာဓုခေါ်လိုက်တော့ မှားပြီး သာဓုခေါ်တာကိုး...(မှန်ပါ)။

ဘယ်သူ့ သာဓုခေါ်သလဲ...(တဏှာသမား သာဓုခေါ်ပါတယ်) သွားပြီပေါ့၊ တဏှာ သာဓုခေါ်ရမှာလား၊ နှင်ထုတ်ရမှာလား... (နှင်ထုတ်ရမှာပါ) သို့သော်လဲ ခင်ဗျားတို့က အမျှယူကြပါတောင် ပေးချင်ပေးလိုက်ဦးမယ်...(မှန်ပါ) သွားပြီ၊ နှစ်ချက်မှား...(မှန်ပါ့ဘုရား) မမှားသေးဘူးလား...(မှားပါတယ်)သူက ဘာအမျှပေးတာတုံးဆို တဏှာ အမျှပေးတာတဲ့... (တဏှာ အမျှပေးတာ) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

အတော်ဆိုးနေတယ်၊ ဒါက ဒီပဋိစ္စသမုပ္ပါဒ် မပြဘဲနဲ့ဆိုရင် ဒီ အပြောမရဘူး၊ ပဋိစ္စသမုပ္ပါဒ်ကို သေသေချာချာ သိတော့မှ၊ သူက...(တဏှာက) ဘုံဘဝ ဆုတောင်းတာ၊ မတောင်းဘူး လား...(တောင်းပါတယ်) ဘုံဘဝ ဆုတောင်းတော့ ခင်ဗျားက ကုသိုလ်ရှင်ကြီးဖြစ်ပြီး သကာလနေတော့ ဆုတောင်းထားတာက ဒုက္ခတောင်းထားတာ မဟုတ်ဘူးလား...(မှန်ပါ) ကျုပ်တော့ဖြင့် ကုသိုလ်ပြုတာပဲဗျာ၊ နောင်ဘဝတော့ဖြင့် ကျုပ်ကောင်းစားမှာပဲ၊ အဲဒီ တောင်းထားတဲ့အကြောင်းတွေ ခင်ဗျားတို့ အမှုယူကြပါ ဆိုတော့ ဒီဒုက္ခသစ္စာ ပေးထားတယ်...(မှန်ပါဘုရား) ဘာပေး လိုက်တာတုံး...(ဒုက္ခသစ္စာ ပေးလိုက်ပါတယ်ဘုရား)။

**သူများပေးတာတွေ ရမ်းယူနေတာ**

ဟော...ဒကာဒကာမတို့ ခေါ်ဖူးလှုပြီထင်တယ်...(တင်ပါ ဘုရား) သူများပေးတာတွေ ရမ်းယူနေတာပဲ...(တင်ပါ) ရိပ်မိ ပလား...(ရိပ်မိပါပြီ) ဘာယူတာပါလိမ့်...(ရမ်းယူတာပါဘုရား) ရမ်းယူတော့ အကောင်းရသလား အဆိုးရသလား... (အဆိုးရ ပါတယ်) အဆိုးရတုန်း ခင်ဗျားတို့က ပိုက်ပြီးပြန်တဲ့ လူတွေ အတော်ဆိုးတဲ့ လူတွေ၊ ဒကာဒကာမတွေ မဟောသင့်ဘူး လား...(ဟောသင့်ပါတယ်ဘုရား)။

သေသေချာချာ စဉ်းစားပါ၊ သေသေချာချာ စဉ်းစားပါ ...(ဒီအတိုင်း ပြောသင့်ပါတယ်) သေသေချာချာစဉ်းစားပါ ဒီဉစ္စာ သိပ်ကြောက်စရာ ကောင်းလွန်းလို့ ပြောပါတယ်...(မှန်ပါ) ခင်ဗျားတို့ သာမညဆရာဆိုရင် ပြောမယ်မဟုတ်ဘူး...(မှန်ပါ)

ဒကာဒကာမတွေ ပြောပါ့မလား…(မပြောပါ) ဟိုက ဘုံဘဝ တောင်းတဲ့ တဏှာဗျ…(မှန်ပါ့)။

**တဏှာနဲ့ ဘုံဘဝဆုတောင်းတယ်**

ဒီအလှူ၊ လှူပြီးသကာလ ဒီဝေနာကို လှူပြီးသကာလပေါ့ဗျာ၊ သုခဝေဒနာတွေ လှူတယ်ထားပါတော့…(မှန်ပါ့) ကောင်းကောင်း ကျွေးတယ်၊ ကောင်းကောင်း အဝတ်ပေးတယ်၊ ဟုတ်လား ကောင်းကောင်း မဏ္ဍပ်ကြီး ဆောက်တယ်၊ အဲဒီဆောက်ရတဲ့ အတွက်ဆိုပြီး တဏှာနဲ့ ဘုံဘဝ ဆုမတောင်းဘူးလား… (တောင်းပါတယ်) တောင်းတော့ ဝေဒနာပစ္စယာ…(တဏှာ) ဆက်သွားရော…(မှန်ပါ့) ဒကာဒကာမတွေ…(ဘုရား) မဆက်ဘူး လား၊ ဆက်သလား…(ဆက်ပါတယ်ဘုရား)။

ဆက်တော့ ဒါပစ္စုပ္ပန် အကြောင်းတရားကွတဲ့၊ ထပ်မိုက် လာတယ်၊ ဒီမှာ ဒုက္ခသစ္စာရပြီးသားကို သမုဒယသစ္စာ ပြန်လုပ် ပြန်တယ်…(မှန်ပါ့) သဘောကျပလား…(ကျပါတယ်) ဒုက္ခ ရောက်တဲ့လူက ထောင်ထဲမှာ ကျနေတဲ့ လူက ရိုက်ပွဲပြန်လုပ် ပြန်တယ်…(တင်ပါ) နှစ်ထပ်ကျတယ်၊ နှစ်ထပ်တိုး အလို ရှိလို့…(မှန်ပါ့) ရိပ်မိပလား…(ရိပ်မိပါတယ်) ဒီထောင်ထဲကျနေ တာက ဘာသစ္စာလဲ…(ဒုက္ခသစ္စာ) ထောင်ထဲပြန်မိုက်တာက ဘာတုံး…(သမုဒယသစ္စာပါဘုရား)။

**နှစ်ထောင်စံများ တွေ့ဖူးရဲ့လား**

ဒါဖြင့် နောက်ထောင်ကျမှ ကျပါ့မလား...(ကျပါတယ်ဘုရား) ဒါဖြင့် နှစ်ထောင်စံပေါ့ဗျာ...(မှန်ပါ) ရိပ်မိပလား...(ရိပ်မိပါတယ်) ဦးမြ အတော်မဆိုးဘူးလား...(ဆိုးပါတယ်) နားကြီးကြီးနဲ့ ထောင်ပါ...(မှန်လှပါဘုရား) နားသေးရင် ဒီတရားက ရကိုမရဘူး၊ မကြားဖူးတဲ့ စကားလဲ ဖြစ်နေတယ်၊ သဘောပါရဲ့လား...(ပါ,ပါတယ်) နှစ်ထောင်စံများ တွေ့ဖူးရဲ့လား...(တွေ့ဖူးပါတယ်ဘုရား) ကိုယ်ကိုယ်တိုင် စံဖူးလှပါပြီဘုရား၊ ကိုယ်ကိုယ်တိုင် စံဖူးလှပါပြီလို့ ဖြေရုံပဲရှိတယ်...(မှန်ပါ)။

အဲဒါ သစ္စာမသိတာ နိဂုံးချုပ်တယ်...(မှန်ပါ) ဘာမသိတာပါလိမ့်...(သစ္စာမသိတာပါဘုရား) သစ္စာမသိတာတဲ့၊ ငါ့သန္တာန် ဖြစ်တာသည် တဏှာလာရင် သမုဒယသစ္စာ ဖြစ်ပြီဟာလို့ သိရဲ့လား...(မသိပါဘုရား) မသိတော့ ဒီဘက် ဒုက္ခရလိမ့်မယ်ဆိုတာရော သိရဲ့လား...(မသိပါဘုရား) ဒီသစ္စာနှစ်ခု မသိလိုက်တာ ကိုယ်ကျိုးကို လှလှကြီး နည်းတာပဲ...(မှန်ပါ)။

ကဲ...ဒကာဒကာမတွေ အတော်မဆိုးဘူးလား...(ဆိုးပါတယ်) ခင်ဗျားတို့ သေခါနီးမှာ ဒီဆရာသမားနဲ့ လာတွေ့တာ...တော်တော်သေးတယ်၊ အသေများ စောရင်ခက်တယ်...(မှန်လှပါ) ဦးမြကြီး ဘယ့်နှယ်ထင်သတုံး...(ခက်ပါတယ်ဘုရား) အသေစောရင် ခက်တယ်၊ ဆရာကလဲ အသေမစောလို့...(မှန်ပါ) ခင်ဗျားတို့ကလဲ အသေမစောလို့...(မှန်ပါ) တော်တော်သေးတာပေါ့...(မှန်ပါ) သဘောပါရဲ့လား...(ပါ,ပါတယ်ဘုရား)။

ဒါဖြင့် အသေကတော့ မစောဘူးတဲ့၊ ခန္ဓာကတော့ဖြင့်

မရပ်မနား သုသာန်သွားနေတယ်၊ မရောက်သေးတာ တမယ်ကျန်တော့တယ်၊ အသွားကတော့ မရပ်တော့ဘူး...(မရပ်ပါဘုရား) မောင်ကို ရပ်သေးရဲ့လား...(မရပ်ပါဘုရား) မရပ်တော့ ထိုင်နေရင်းနဲ့လဲ...(သွားနေတာပဲ) ထိုင်နေတော့ အို၊ အိုတာက နာ၊ နာတာက သေကိုးဗျ...(မှန်ပါ့)။

**သေရာသွားရင်း တရားနာနေတာ**

ဒါဖြင့် တရားနာနေကြတာလား၊ သေရာသွားရင်း နာနေတာလား...(သေရာသွားရင်း နာနေတာပါဘုရား) ကောင်းပြီဘုန်းကြီးရှေ့မို့ ပြောတာပါ၊ ကျုပ်ဟာ အရင်နဲ့မတူဘူး၊ မာလာပြီဗျ၊ ပြောချင်ပြောမှာ၊ အတော်ဂွကျတဲ့ လူတွေပါ၊ ဟင်–အတော်ဆိုးနေတယ်၊ အတော်ဆိုးနေပါတယ်ဆိုတာ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား) အဲဒါ ဘဝတဏှာ ခေါ်ပါတယ်တဲ့...(မှန်ပါ့)။

ကျုပ်ဟာဖြင့် အခု ဆရာဝန်ကောင်းနဲ့ ဆေးကောင်းနဲ့တွေ့ရတဲ့အတွက် နေလို့ကောင်းပါသေးတယ်ဗျာ၊ ဘာတုံးဗျ၊ ဒီဥစ္စာ ကိုယ့်ဘဝ ကိုယ်ခင်တွယ်တဲ့တဏှာ...(မှန်ပါ့) ကိုယ့်ဘဝကိုပင် ဟောတာက ခင်ဗျားတို့ ခန္ဓာ ဘဝခန္ဓာကြီး...(မှန်ပါ့) တော်ပါသေးရဲ့ဗျာဆိုတာ ဒီတဏှာ...(မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီ) တော်ပါသေးရဲ့ဆိုတာ ဦးမြကြီး ဒါဘာတုံး...(တဏှာပါဘုရား)။

ဒါဖြင့် ဝေဒနာပစ္စယာ...(တဏှာ)သူက သုခဝေဒနာပေါ်တော့၊ ကျန်းမာလာတယ် ပြောတာ...(မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

နေလို့ကောင်းပါသေးရဲ့ဆိုတာ ဒါဘာတုံး...(တဏှာပါဘုရား) ကျုပ်နေရမှာ ကောန်ပဲ၊ ကျုပ်တော့ ဒီဆရာနဲ့ အကျိုးပေးပြီဗျာ့ ဆိုရတာ ဥပါဒါန်...(တင်ပါ့၊ ဥပါဒါန်) ဒါကြောင့် ကာယကံ ဝစီကံ အချိန်ရှိခိုက် လုံ့လစိုက်ဆိုပြီး အရောင်းအဝယ် လုပ်ရဦးမှာပဲဆိုတာက...(ကမ္မဘဝ) ကမ္မဘဝပစ္စယာ သေသည်၏ အခြားမဲ့၌...(ဇာတိပါဘုရား)။

## ဆရာကောင်းနဲ့ မတွေ့ရင် ကော်တယ်

ဩော်...ခင်ဗျားတို့ ဆရာကောင်းနဲ့ မတွေ့လိုက်လို့ရှိရင် ငါးပါးမှောက်တာပဲ...(မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီ) ဒကာဒကာမတွေ ခင်ဗျားတို့ ဆရာကောင်းနဲ့ မတွေ့လိုက်လို့ရှိရင် ဘယ့်နှယ် ဖြစ်သွားမတုံး...(ငါးပါးမှောက်ပါတယ်) ငါးပါးကိုမှောက်တာပဲ၊ ရိပ်မိကြလား...(တင်ပါ့ဘုရား၊ ရိပ်မိပါပြီ) အဲဒါ သေသေချာချာပြောတဲ့ ဆရာဆိုလို့ရှိရင်...မှန်မှန်ကန်ကန် သစ္စာသိအောင် ပြောတဲ့ဆရာဆိုလို့ရှိရင် ဒကာဒကာမတွေ ဒါပဲပြောရမယ်၊ ဒို့ပြင် ပြောစရာ ရှိသေးရဲ့လား...(မရှိပါဘုရား) ခင်ဗျားတို့ခန္ဓာကြီးဟာ ယခုဘဝရထားတဲ့ ခန္ဓာငါးပါးဟာ ဘာသစ္စာလဲ...(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာထဲက ဘာတွေ ပေါက်ပွားလာပါသလဲ...(သမုဒယသစ္စာပါဘုရား) ဒီကြည့်လေ တဏှာ ဥပါဒါန်တွေ ကံတွေ ပေါက်ပွားလာတယ်၊ ဘာဏ်ပေါက်ပွားတာလား...တဏှာ ဥပါဒါန် ပေါက်ပွားတာလား...(တဏှာ ဥပါဒါန် ပေါက်ပွားတာပါဘုရား)။

"ဩော်...ခင်ဗျားတို့ ဥစ္စာလဲ ခက်လိုက်တဲ့ ဖြစ်ခြင်း၊

ဒုက္ခရောက်နေတဲ့ လူက နောက် ဒုက္ခရှာပြန်တယ်၊ ဒုက္ခရောက်တဲ့လူ...(နောက်ဒုက္ခ ရှာပြန်ပါတယ်ဘုရား) ဒါဖြင့် ဆေးသက်ကုန်နေပါပေါ့လား...(ကုန်နေပါပြီ) ဒီဆရာနဲ့သာ မတွေ့ရင် ဆေးသက်ကုန်ပြီ...(တင်ပါ့) အင်မတန် ကြောက်စရာကောင်းပါတယ်...(မှန်ပါ့)"

### သံယောဇဉ်နဲ့ နတ်ပြည်ရောက်မလား

ဒကာဒကာမတွေ မဆိုးရွားဘူးလား...(ဆိုးရွားပါတယ်) ကိုင်း...ဒါဖြင့် ဒကာဒကာမတို့ ခုနက ပုဏ္ဏားကို မေးကြဦးစို့၊ ပုဏ္ဏားက ဒုတိယတစ်ချက် မေးခွန်းထုတ်ပြန်တယ်၊ အရှင်ဘုရား လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိ နတ်ပြည်ရောက်ပါ့မလားတဲ့၊ အို...တစ်ထောင်မကဘူး၊ တစ်သိန်းမကဘူးကွ ရောက်တယ်၊ သုဂတိတော့ ရောက်ပါတယ်။

### သိန်းသန်းမကရောက်တယ်

ခုနက အဖြေနဲ့ တူသေးရဲ့လား...(မတူပါဘုရား) ဒကာဒကာမတွေ တူသေးရဲ့လား...(မတူပါ) လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိ နတ်ပြည်ရောက်ပါ့မလားလို့၊ ဦးမြ ဝဏ္ဏဂေါတ္တက မေးတယ်...(မှန်ပါ့) ဘုရားက ဘယ့်နှယ်ဖြေသလဲ...(ရောက်ပါတယ်) အို...သိန်းသန်းမကဘူးကွ ရောက်တယ်တဲ့၊ သုဂတိ ရောက်တယ်...(မှန်ပါ့)။

**နိဗ္ဗာန်တော့မရောက်ပါ**

နိဗ္ဗာန်ကျတော့...(မရောက်ပါ) ပေါ်ကြပလား...(ပေါ်ပါပြီ) ဒါဖြင့် ခင်ဗျားတို့လုပ်နေတဲ့ ကုသိုလ်တွေဟာ သုဂတိ အကျိုးပေးပါလိမ့်မယ်လို့ ဟောတယ် ဒါမပြတ်ဘဲကိုး၊ တဏှာနဲ့ ဆုတောင်းတယ်...(မှန်ပါ့) တောင်းတော့ကို ၂ က ၃ ကို မကူးဘူးလား ကူးသလား...(ကူးပါတယ်) ကူးလို့ရှိရင်ဖြင့် သုဂတိ ရောက်တော့ ဟောဒါ ဇာတိ ဇရာ မရဏဟာ သုဂတိပဲ...(မှန်ပါ့) မရောက်ပေဘူးလား...(ရောက်ပါတယ်) ရောက်ပေမယ့် ဘာသစ္စာလဲ...(ဒုက္ခသစ္စာပါ)။

ဦးမြပေါ်ပလား...(ပေါ်ပါပြီ) ဘာသစ္စာရကြတုံး...(ဒုက္ခသစ္စာရပါတယ်) ဒုက္ခသစ္စာရတာ ခင်ဗျားတို့က ကြဲဖန်ပြီး သကာလ ဝမ်းသာနေတာကိုး၊ သစ္စာနဲ့ ကြည့်လိုက်တော့ ဘာသစ္စာရသတုံး...(ဒုက္ခသစ္စာရပါတယ်) သစ္စာနဲ့ ကြည့်လိုက်တော့ ဒုက္ခသစ္စာရတယ်၊ ဒီဒုက္ခသစ္စာ ရတဲ့လူက တော်သေးရဲ့ ဆိုတော့ ဝမ်းသာလို့ ပြောတဲ့အသံလား၊ ဝမ်းနည်းလို့ ပြောတဲ့ အသံလား...(ဝမ်းသာလို့ ပြောတာပါဘုရား)။

အမယ်လေးရတာက...(ဒုက္ခသစ္စာ) ခက်ပြီ၊ အကောင်းအဆိုးကို မရွေးတတ်တော့ဘူး...(မရွေးတတ်ပါ) ဘယ့်နှယ်ဖြစ်နေကြလဲ...(အကောင်းအဆိုး မရွေးတတ်ပါ) ဒကာဒကာမတွေ ဘယ့်နှယ်တုံး၊ အကောင်းအဆိုး ရွေးတတ်သေးရဲ့လား...(မရွေးတတ်ပါဘုရား) မရွေးတတ်လို့ ခင်ဗျားတို့ သုဂတိရောက်ချင်တာပေါ့ဗျ...(မှန်ပါ့)။

အဲဒါ သစ္စာမသိလို့၊ ရှင်းကြပလား...(ရှင်းပါပြီဘုရား)

ဒါဖြင့် ဒကာဒကာမတို့ တရားတကာ့ တရားထဲမှာ ဘယ်ဟာသိဖို့ အရေးအကြီးဆုံးလဲ...(သစ္စာသိဖို့ အရေးကြီးပါတယ်) သစ္စာသိဖို့ အရေးကြီးတယ်၊ သစ္စာဘယ်က လာသတုံးလို့ မေးတော့မှ ဒီပဋိစ္စသမုပ္ပါဒ်က လာတယ်၊ ကြည့်လေဒါ...သမုဒယသစ္စာ... (မှန်ပါ့) ဒါက ဘာတုံး...(ဒုက္ခသစ္စာပါ) ဒါက ဘာတုံး... (သမုဒယသစ္စာပါ) ဒါက ဘာတုံး...(ဒုက္ခသစ္စာပါဘုရား)

**သစ္စာမသိရင် နိဗ္ဗာန်မရောက်**

ကဲ...ဖြတ်တဲ့ပုဂ္ဂိုလ်ကျတော့ ဒါက ဘာတုံး...(မဂ္ဂသစ္စာပါ) ဒီဘက်က ချုပ်သွားတာတွေကရော... (နိရောဓသစ္စာပါဘုရား) သစ္စာသိမှ ခင်ဗျားတို့ရောက်မယ်...(မှန်ပ့ါ) သစ္စာမသိသေးလို့ရှိရင်...(မရောက်ပါ) စာတွေ ခေါင်းချဉ်းနေအောင် တတ်...(မရောက်ပါဘုရား) ရောက်နိုင်ကြပ့ါမလား...(မရောက်နိုင်ပါဘုရား) မရောက်နိုင်ဘူးဆိုတာ သေချာပလား...(သေချာပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ ယခုအချိန်မှာ အချိန်မီပါသေးတယ်...ဦးမြ...(မှန်ပ့ါ) ရောက်နိုင်ပါသေးတယ်၊ ရနိုင်ပါသေးတယ်လို့ လေးလေးနက်နက် အားပေးတာ...(မှန်လှပါ) လုပ်မှရမှာ၊ မလုပ်ရင်တော့...(မရပါဘုရား) မရဘူးဆိုတာ သဘောပါသလား...(ပါ,ပါပြီ) ပါပြီ၊ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိရောက်ပ့ါမလားလို့ မေးတော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ...(ရောက်ပါတယ်) ရောက်တယ်၊ ဒါဖြင့် တဏှာပို့တဲ့ နေရာပဲဗျ...(မှန်လှပါ) မပေါ်သေးဘူးလား... (ပေါ်ပါပြီ)။

သုဂတိတွေဟာ ဘယ်သူပြုပြင်ထားတာပါလိမ့်...(တဏှာ ပြုပြင်ထားတာ) ပုဏ္ဏားမေးတာ ကြည့်လေ၊ ဘုရားကလဲ အဖြေထွက်တယ်...(မှန်ပါ) လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိများ ရောက်ပါ့မလားဆိုတော့ အို...တစ်သောင်း၊ တစ်သိန်း မကဘူးကွ...(မှန်ပါ) ဘာဖြစ်လို့ မကန့်ကွက်သတုံးမေးတော့ သံယောဇဉ်က ဘာသစ္စာတုံး...(သမုဒယသစ္စာ) ဒီ...(လူ့ပြည် နတ်ပြည်က ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

**သစ္စာမသိသေးရင် အကန်း**

ဒါတော့ ဘယ်ကန့်ကွက်မလဲ၊ သစ္စာမသိတဲ့ လူရမ်းပေး ချလိုက်တာပေါ့...(မှန်ပါ) ပေါ်ပလား...(ပေါ်ပါပြီ) ဒါဖြင့် သစ္စာမသိသေးသရွေ့ ကာလပတ်လုံး မျက်စိစုံလုံးကန်းလို့ သာမှတ်...(မှန်ပါဘုရား) သစ္စာမသိသေးရင်...(စုံလုံးကန်းပါ ဘုရား) မွေးတုန်းကတော့...(အကန်းပါဘုရား) သေတော့... (အကန်းပါဘုရား)။

ဒါကြောင့် မနေ့ကပြောခဲ့တယ်၊ ခင်ဗျားတို့က မသာ ဖိတ်ရင် အကန်းလို့ ဖိတ်ကြစမ်းပါလို့ သစ္စာမသိတဲ့လူ သေသွားရင် အကန်းမသာ ကြွတော်မူပါလို့သာ ဖိတ်ပါလို့ဆိုတာ ဘုန်းကြီး ပြောတာ စကားရိုင်းသလား...(မရိုင်းပါဘုရား) ဖြစ်စဉ်ကိုက် သလား...(ဖြစ်စဉ်နဲ့ ကိုက်ပါတယ်ဘုရား) ဖြစ်စဉ်ကိုက်တယ် ဆိုတော့ ဒါဟာ ပဋိစ္စသမုပ္ပါဒ်ဟာ ဒုက္ခနဲ့ သမုဒယချည်းပဲ၊ ပဋိစ္စသမုပ္ပါဒ် ပြတ်သွားလို့ရှိရင် မဂ္ဂနဲ့ နိရောဓချည်းမှတ်... (မှန်ပါ)။

### ဖြစ်ပျက်အလုပ်လုပ်မှ မဂ္ဂနိရောဓသောမယ်

ပဋိစ္စသမုပ္ပါဒ် အဝိုင်းပြေးနေရင် ဘာပါလိမ့်...(ဒုက္ခနဲ့ သမုဒယပါ) အဲ...(ဒါဖြင့် အခုနက ဒကာဒကာမတွေ ဖြစ်ပျက် အလုပ်ကို လုပ်ပါပြီဆိုတော့ ဘာလာတုံး...(မဂ္ဂနဲ့ နိရောဓလာပါ တယ်) ဒါက သူများပြောနဲ့ ရတာလား၊ ကိုယ်တိုင်ဖြတ်လို့ရတာ လား...(ကိုယ်တိုင်ဖြတ်လို့ ရတာပါဘုရား)

မဂ္ဂနဲ့ နိရောဓ...(ကိုယ်တိုင်ဖြတ်လို့ရတာ) ကိုယ်တိုင်ဖြတ် လို့ ရတာ...(မှန်ပါ့) ဒါဖြင့် သားကယ်နိုင်၊ သမီးကယ်နိုင်တဲ့ တရားလား၊ ကိုယ်တိုင်ဖြတ်ရမှာလား...(ကိုယ်တိုင်ဖြတ်ရမှာပါ) အဲဒီတော့ ခင်ဗျားတို့က အရေးရှိရင် သမီးကလေးက ချောင်ချောင် လည်လည် ရှိတယ်ဆိုပြီး အားကိုးချင်အားကိုးနေဦးမယ်၊ အဲဒီ ချောင်ချောင်လည်လည်ကြောင့်လဲ အပါယ်ကျချက် နာတာပဲ ...(မှန်ပ့ါ) သားကလေးက ချောင်ချောင်လည်လည် ရှိတယ် ဆိုလို့ရှိရင်လဲ ခင်ဗျားတို့က ပြုံးများနေလိုက်သေးတယ်၊ မနေပေ ဘူးလား...(နေပါတယ်ဘုရား)။

### ဒါပြတ်တဲ့အချိန် ပြုံးပါ

အဲဒါ အပါယ်ကျဖို့ ပြုံးတာ၊ ဘယ်ရောက်ဖို့ ပြုံးတာတုံး... (အပါယ်ရောက်ဖို့ ပြုံးတာ) အတော်မဆိုးဝါးဘူးလား...(ဆိုးဝါးပါ တယ်ဘုရား) ကိုင်း...ဒါဖြင့် ခင်ဗျားတို့ကို ပြုံးစေချင်လို့ သတိပေးလိုက်ပါတယ်၊ ဒါပြတ်တဲ့အချိန် ပြုံးပါ...(မှန်ပ့ါ) ဒါမပြတ်လို့ရှိရင်ဖြင့် ငါကိုယ်ကျိုးနည်းပြီလို့ မဲ့ချည်းနေရမယ် ...(မှန်လှပါ) ဒါပြတ်အောင်လုပ်နေတော့ ဘယ့်နှယ်ဆိုကြမလဲ...

(ပြုံးရမယ်) ပြုံးရမယ် သံသရာစခန်းသတ်ပြီကွ...(မှန်ပ့ါ) ဒါမပြတ်သေးရင်...(မဲ့ရမယ်)။

ဒါဖြင့်...(ခင်ဗျားတို့ သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ စိန်နဲ့ မြနဲ့ ပြုံးတာတွကျတော့ ဘယ်လို ဆုံးဖြတ်ချက်ချမလဲ...(မဲ့ပြုံးတာပါ) မဲ့ရမယ့် ကိစ္စ ပြုံးနေသောကြောင့် အရူးတွေပေါ့...(မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ...(အရူးဖြစ်ပါတယ်) မဲ့ရမယ့် ကိစ္စမှာ... (ပြုံးနေတယ်) ခက်ပြီပေါ့၊ လင်းတက ခွေးသားစားပြီး ပြုံးနေတာ ဘယ့်နှယ်ဆိုကြမလဲ၊ ရိပ်မိပလား...(တင်ပ့ါ) လင်းတက ခွေးသားစားတော့ ခင်ဗျားတို့က ဘေးကနေကြည့်ပါ...(တင်ပ့ါ) ကြော်...မသိရှာလိုက်တာ လွန်လို့ပါလား ပြုံးစရာအချက် ပါ ရဲ့လား...(မပါ,ပါဘုရား)။

**ခင်ဗျားတို့ပြုံးနေတာ ကြောက်စရာကြီး**

ဟိုကလဲ လင်းတဆိုတော့ တိရစ္ဆာန်၊ ခွေးသားကလဲ အပုပ်အစပ် ဒါစားပြီး ပြုံးနေတယ်ဆိုတော့ ဒကာဒကာမတွေတဲ့ ခင်ဗျားတို့ ပြုံးနေပုံက ကြောက်စရာကြီး...(မှန်ပ့ါ) လင်းတ ပြုံးပြုံးတာကိုး၊ ရိပ်မိရဲ့လား...(ရိပ်မိပါတယ်) အတော်မဆိုးဘူးလား...(ဆိုးပါတယ်) ဒါဒကာရင်း ဆရာရင်းမို့လို့ အမှန်ပြောပါတယ်...(မှန်ပ့ါ)။

ဒါကြောင့် ခင်ဗျားတို့ ပြုံးလိုက်မှာကို ဘုန်းကြီးက သိပ်ကြောက်တယ်၊ ဒီလူဟာ ပြုံးချိန်လဲ မဟုတ်သေးဘဲနဲ့ ဘာပြုံးတာပါလိမ့်မတုံး၊ အတော်မဆိုးဘူးလား...(ဆိုးဝါးပါတယ်) အဲဒါက နားကြီးကြီးနဲ့ ထောင်တော့မှ ကိုယ်ပြုံးတာ လွဲမှန်း

သိတယ်…(မှန်ပ့ါ) နို့မို့ရင်သိပါ့မလား…(မသိပါ)။

ကိုင်း…(ဒါဖြင့် ခင်ဗျားတို့ ပြုံးချိန်လား၊ မဲ့ချိန်လား… (မဲ့ချိန်ပါဘုရား) အလုပ်လုပ်ပြီးရင်တော့ ဘယ်နှယ်တုံး…(ပြုံးချိန် ပါဘုရား) ဒါဖြင့် ခင်ဗျားတို့သည် ဘုရားသခင်ကိုယ်တော်မြတ် ကြီးက ပြုံးသေမဲ့သေ သေတဲ့အခါ နှစ်မျိုးရှိတယ်ကွ…(မှန်ပ့ါ) သဘောကျပလား…(ကျပါပြီ)။

## သွားရာလမ်းမြင်ပြီးမှ သေတယ်

အရူးလို ပြုံးနေတာကတော့ကိုတဲ့၊ သေတော့မယ်ဆိုလို့ရှိရင် သေခါနီးမှာ ဒကာဒကာမတို့ မှတ်လိုက်စမ်းပါ၊ သွားရာလမ်းကို မမြင်ဘဲနဲ့ သေတဲ့လူ ဘယ်သူမှ မရှိဘူး…(မှန်ပ့ါ) သေခါနီးမှာ မရဏာသန္နဇောကလေ…(မှန်ပ့ါ)။

အဲဒီကျတော့မှ ငါ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ အချိန်တွေ ဖြုန်းခဲ့တာဖြင့် ငါ့မှာ ကိုယ်ကျိုးလှလှကြီး နည်းပြီဆိုပြီး မျက်ရည်တွေ ခေါင်းအုံးပေါ်စီးကျတယ်…(မှန်လှပါဘုရား) ဒကာဒကာမတွေ ကြောက်စရာနော်…(မှန်လှပါ)။

## အချိန်တွေ ဖြုန်းခဲ့တာတွေ

သြော်…သားရေး၊ သမီးရေ။ စီးပွားရေးနဲ့ ငါ အချိန်တွေ ဖြုန်းခဲ့တာလဲ ခုတော့ဖြင့် သူတို့က ဘယ့်နှယ်နေတုံးသာ မေးဖော် ရတော့တယ်၊ ငါသွားရမယ့်လမ်းက အတော်ကြမ်း နေတယ်… (မှန်ပါ့ဘုရား) ကိုယ့်ဟာကိုယ် မျက်ရည်ကျတယ်… (မှန်ပ့ါ ဘုရား)။

ဒကာဒကာမတွေ မဆိုးဘူးလား…(ဆိုးပါတယ်) ဘယ်သူ ကယ်နိုင်သေးတုံး…(မကယ်နိုင်ပါဘုရား) အဲဒီတော့ ခင်ဗျားတို့ အခု ပြုံးနေတာက ဩော်…ရူးလို့ ပြုံးပြန်၊ သေခါနီးကျမှ မဲ့ချင်လို့ သဘောကျလား…(ကျပါတယ်) သေခါနီးကျတော့မှ… (မဲ့ချင်လို့) ဒါကြောင့် ခင်ဗျားတို့ မသာ ဓာတ်ပုံရိုက်ရမှာ သိပ် ကြောက်စရာကောင်းတယ်…(မှန်လှပါ) သားအာရုံ၊ သမီး အာရုံ၊ ပစ္စည်းအာရုံကြားထဲမှာ သေမယ်ဆိုတော့ ဩော်… မခွဲချင်တာနဲ့ ခွဲရတော့မယ်၊ မစွန့်ချင်ဘဲနဲ့ စွန့်ရတော့မယ် ဆိုတော့ ဒီစိတ်က လာကတည်းက နိမိတ်ထင်တော့ ကောင်းပါ ဦးမလား…(မကောင်းပါဘုရား) ဒါဖြင့် ဒီမသာ ဓာတ်ပုံရိုက်ပြီး ဘယ်သူက ကိုးကွယ်သင့်သတုံး…(မှန်ပါ့၊ မကိုးကွယ်သင့်ပါ ဘုရား)၊ မောင်ကိုရော…ကိုးကွယ်သင့်ပါ့မလား…(မကိုးကွယ် သင့်ပါဘုရား)။

## ပြုံးသေဖြစ်အောင် လုပ်ကြစမ်းပါ

ဒါဖြင့် ပြုံးသေဖြစ်အောင် လုပ်စမ်းပါ…(မှန်ပါ့) ဒကာ ဒကာမတွေ ဒါပြတ်သွားလို့ရှိရင် ဘာသေဆိုကြမလဲ…(ပြုံးသေ ပါဘုရား) ဒီဘက်မှာ တဏှာ၊ ဥပါဒါန်လဲ မရှိ၊ ဇာတိ၊ ဇရာ၊ မရဏတွေရော လာစရာ မြင်သေးရဲ့လား…(မမြင်ပါဘုရား) ဩော်…ငါဝဋ်ကျွတ်ပြီဆိုပြီး ပြုံးကြ၊ သဘောကျပလား… (ကျပါတယ်) ဒါဝဋ္ဋ မထုတ်ချင်ပါဘူးတဲ့၊ ပြုံးသေ မဲ့သေ ဝဋ္ဋရှိတယ်…(မှန်ပါ့)။

ဝဿကာရပုဏ္ဏားက မေးလို့ ဘုရားက ဖြေရှာတယ်၊

တပည့်တော်ကတော့ဘုရား၊ သေတဲ့ပုဂ္ဂိုလ်မှန် အကုန်ကြောက်သေ တယ်ချည်း ဆုံးဖြတ်ချက်ချတာ၊ ဟ…ပုဏ္ဏားက မင်းဟာ လွန်တယ်၊ မဲ့သေတဲ့ ပုဂ္ဂိုလ်လဲရှိတယ်ကွ…၊ ပြုံးသေတဲ့ ပုဂ္ဂိုလ်လဲ ရှိတယ်ကွ နှစ်ချက်ဟောတယ်၊ ဒီလို ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့ ပုဂ္ဂိုလ်ကျတော့ကဲ…ဦးမြကြီး ဘယ့်နှယ်ဆိုမယ်…(ပြုံးသေပါ ဘုရား)။

**ပဋိစ္စသမုပ္ပါဒ်ပြတ်ရင် ပြုံးသေ**

ဒီခန္ဓာဝန် ဒုက္ခကြီးကို စွန့်ရပေတော့မယ်၊ ဒုက္ခကြီးနဲ့ မခွဲရတာ ကြာလှပြီ၊ ဒီတစ်ခါ နောက်ဆုံးပိတ် ခွဲခြင်းပဲဆိုပြီး ပြုံးတယ်၊ သဘောပါလား…(ပါ,ပါတယ်) ဒီခန္ဓာဝန်ကြီးကို စွန့်ပြီးတဲ့နောက် နောက်ခန္ဓာ အဆိုးဝါးကြီးရမှာကို နိမိတ်က မြင်နေတော့ ဩော်…ငါဖြင့် သားရေး၊ သမီးရေး၊ စီးပွားရေး ကြောင့် ကိုယ်ကျိုးလှလှကြီး နည်းပြီဆိုပြီး မဲ့တယ်…(မှန်ပါ ဘုရား)။

**သေမှ အရှက်မကွဲပါစေနဲ့**

မောင်ထွန်းရင် မင်းဘယ်ဟာကြိုက်သလဲ… (ပြုံးသေ ကြိုက်ပါတယ်ဘုရား) မင်းဟာမင်း ကြိုက်နေတာကိုးကွ၊ လုပ်မှ မလုပ်ဘဲ၊ ကိုင်း… ဒကာဒကာမတွေ…(ရှင်းပါတယ်) သေမှ အရှက်မကွဲကြပါစေနဲ့ …(မှန်ပါ့)သေမှ ခတ်ပုံရိုက်ခံရတော့ အရှက်ကွဲတယ်၊ မကွဲဘူးလား…(ကွဲပါတယ်ဘုရား)။

ဦးမြကြီး...နာမည်တော့ကြီးပါဗျာ၊ သေမှ ခာတ်ပုံရိုက်လို့ ရှိရင်ဖြင့် ဘယ့်နှယ်နေမလဲ၊ ကဲ...ဒကာဒကာမတွေ ဆွေနဲ့ မျိုးနဲ့ ကြားထဲမှာ အရှက်ကွဲမှာနော်၊ ဘယ်သူ့ကြားထဲမှာ အရှက်ကွဲမယ် ထင်ကြသတုံး...(ဆွေနဲ့ မျိုးနဲ့ကြားထဲမှာ) ကဲ... တစ်သက်လုံး ဖုံးလေသမျှ ဘယ့်နှယ်လုပ်မလဲ... (ပေါ်ကုန် မှာပေ့ါဘုရား)။

ဒါဖြတ်ပြီးတော့ သေလိုက်စမ်းပါ

ခုမှ အကုန်ပေါ်ကုန်မယ်...(မှန်ပ့ါ) ရိပ်မိပလား...(ရိပ်မိပါ ပြီ) အဲဒါကြောင့် ဒါဖြတ်ပြီးတော့ကို သခင်ဝတင် သေလိုက်စမ်းပါ ဆိုတာ ယနေ့ သတိပေးတယ်...(မှန်ပ့ါဘုရား) ဒါဖြတ်ပုံ ဖြတ်နည်း အကျယ်ကိုတော့ နက်ဖြန်မှ ဒီနေရာမှာ ဟောမယ် ...(မှန်ပါဘုရား) သဘောကျကြပလား...(ကျပါတယ်ဘုရား) ခင်ဗျားတို့ နက်ဖြန် နာရီကိုက်လာကြ...(မှန်ပ့ါ) နာရီမကိုက်ရင် ရကိုမရဘူး...(မှန်ပ့ါ)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု...သာဓု...သာဓု...။

# ပြုံးသေဖြစ်အောင်လုပ်ကြစမ်းပါ

စာမူခွင့်ပြုချက်အမှတ် ------ ၄၄၄/၂၀၀၂ (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ------ ၅၃၀/၂၀၀၂ (၁၀)

ပုံနှိပ်ခြင်း ------ ပထမအကြိမ်

စောင်ရေ ------ (၅၀၀)

ထုတ်ဝေသည့်ကာလ ------ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ ---- ဦးတိုးဝင်း (မြဲ - ၀၂၄၃၁)

(နေလရောင်အော့ဖ်ဆက်)

အမှတ် (၆၉/ခ)၊ (၁၁) လမ်း

လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ---- ဦးအောင်ချို (မြဲ- ၀၈၃၁)၊

မိုးကုတ်ဝိပဿနာအဖွဲ့

(၈၂)၊ နတ်မောက်လမ်း၊ ဗဟန်း

ရန်ကုန်မြို့။